ဉာဏ်ကိုမျက်မှောက်ပြုရန်



# တစ်ကြောင်းတည်းသောလမ်း

မဟာသတိပဋ္ဌာနသုတ်

မြန်မာပြန်

နိဗ္ဗာန်ကို မျက်မှောက်ပြုရန်

# တကြောင်းတည်းသောလမ်း

မဟာသတိပဋ္ဌာနသုတ်

မြန်မာပြန်

---

(ဓမ္မဒါန – လက်ဆောင်)

ဘာသာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့် အမှတ် (၂၀၉၇)

ထုတ်ဝေသူ—

ဦးခင်မြင့်

ကင်းလွတ်ခွင့် အမှတ် (၀၇၅၇)

အမှတ် ၃၃၆၊ ပန်းဘဲတန်းလမ်း၊ ပြည်မြို့။

ပုံနှိပ်သူ—

ဦးမောင်ကလေး

သောကြာ-စာပုံနှိပ်တိုက် (၀၇၂၅)

အမှတ် ၄၉-ဩဘာလမ်း၊ကျောက်မြောင်း၊ရန်ကုန်မြို့။

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| နိဒါန်း .... .... .... .... | ၅ |
| မဟာသတိပဋ္ဌာနသုတ် အကျဉ်း .... .... | ၉ |
| မဟာသတိပဋ္ဌာနသုတ် မြန်မာပြန် .... .... | ၂၃ |
| ရုပ်အပေါင်းကို ရှုဆင်ခြင်ခြင်း တဆယ့်လေးပါး | |
| ထွက်သက်ဝင်သက်ကို ရှုဆင်ခြင်ခြင်း အပိုင်း .... | ၂၄ |
| အရိယာပုထ်ကို ဆင်ခြင်ခြင်းအပိုင်း .... .... | ၂၇ |
| သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်ခြင်း အပိုင်း ... .... | ၂၈ |
| စက်ဆုပ်ဖွယ်ဟု နှလုံးသွင်းခြင်း အပိုင်း .... | ၂၉ |
| ဓါတ်အားဖြင့် နှလုံးသွင်းခြင်း အပိုင်း .... .... | ၃၀ |
| သူသေကောင် ကိုးမျိုးကို ဆင်ခြင်ခြင်း အပိုင်း .... | ၃၁ |
| ဝေဒနာကို ဆင်ခြင်ခြင်း ကိုးပါး .... .... | ၃၅ |
| စိတ်ကို ဆင်ခြင်ခြင်း တဆယ့်ခြောက်ပါး ... | ၃၇ |
| သဘောတရားကို ဆင်ခြင်ခြင်း ငါးပါး | |
| နီဝရဏတရား ငါးပါးကို ဆင်ခြင်ခြင်း အပိုင်း .... | ၃၈ |
| ခန္ဓာငါးပါးကို ဆင်ခြင်ခြင်း အပိုင်း .... .... | ၄၁ |

အာယတန တဆယ့်နှစ်ပါးကို ဆင်ခြင်ခြင်း အပိုင်း ၄၂

ဗောဇ္ဈင် ခုနစ်ပါးကို ဆင်ခြင်ခြင်း အပိုင်း .... ၄၃

သစ္စာလေးပါးကို ဆင်ခြင်ခြင်း အပိုင်း .... ၄၈

ဒုက္ခ အရိယ သစ္စာ .... .... .... ၄၉

ဒုက္ခ သမုဒယ အရိယ သစ္စာ .... .... ၅၄

ဒုက္ခ နိရောဓ အရိယ သစ္စာ .... ... .. ၅၇

ဒုက္ခနိရောဓ ဂါမိနိ ပဋိပဒါ အရိယ သစ္စာ .... ၆၁

# နိဒါန်း

ပြည်မြို့၊ ရွှေဘုန်းပွင့် စာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်အသင်း၊ အမှုဆောင် လူကြီးတဦးဖြစ်သူ ဦးခင်မြင့်ကသား ရှင်ပြု-သမီး နားထွင်း မင်္ဂလာပွဲတွင် ဓမ္မဒါန အဖြစ်၊ မြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာတော်တို့မှ၊ သင့်လျော်ရာ ဒေသနာတရပ်ကို ထုတ်နုတ် လှူဒါန်းလိုသဖြင့် ရွေးချယ်ပေးရန် - အမှုဆောင်အဖွဲ့သို့ တင်ပြ ဆွေးနွေးလာပါသည်။

ကောက်နုတ် လှူဒါန်းမည့်သော ဓမ္မဒါနသည် ဗုဒ္ဓ ဘုရားရှင်ဟောကြားတော်မူသောတရားတော်များအနက်မှ ကျင့်စဉ်ပိုင်းနှင့်တိုက်ရိုက်ပတ်သက်သော ဒေသနာမျိုးဖြစ်စေလိုသည်ဟု ဆိုပါသည်။

အစိန္တေယျ အာနုဘာဝ မကြံစည်နိုင်သော တန်ခိုးဂုဏ်နှင့်ပြည့်စုံတော်မူသော ဘုရားရှင်၏ ဟောကြားတော်မူသော ဒေသနာတော်တို့မှာလည်း များပြား ကျယ်ဝန်းလှပါသည်။ အမှုဆောင် အဖွဲ့ဝင်များအနေဖြင့်လည်း ဗုဒ္ဓဘုရားရှင်၏ ဒေသနာတော်အလုံးစုံတို့ကို စေ့စေ့စုံစုံလေ့လာ တတ်ကျွမ်းကြသည်

မဟုတ်ပါ။ ထို့ကြောင့် သင့်လျော်ရာ ဒေသနာတရပ်ကို ရွေးချယ်ရန် အခက်အခဲ ရှိရကား၊ မိမိတို့ လေ့လာမိသမျှဒေသနာတော်များအနက်မှ အလှူရှင်၏ဆန္ဒနှင့်ကိုက်ညီမည်ဟုထင်သည့် ဒေသနာတို့ကိုတင်ပြကြရန်သာဆွေးနွေးရပါသည်။

မြတ်စွာဘုရားသခင်သည် လူသတ္တဝါတို့၏စရိုက်အားလျော်စွာ သမထဝိပဿနာနှင့် ဆိုင်သော များစွာသော ဒေသနာတော်တို့ကို အနှံ့အပြားဟောကြားတော်မူခဲ့ပါသည်။ ၎င်းတို့မှ အမှုဆောင်များအနေဖြင့် စွမ်းအားရှိသမျှ ရှာဖွေ တင်ပြကြရာတွင် ထင်ရှားသော ဒေသနာတရပ်ဖြစ်သည့်—

မဟာသတိပဋ္ဌာနသုတ်ကို အကြိုက် များကြပါသည်။

၎င်းနှင့်တဆက်တည်းပင် မဟာသတိပဋ္ဌာနသုတ်ကို အများနားလည်လွယ်ရန်အတွက် ပါဠိမဘက် မြန်မာ သက်သက်ဖြင့် ရိုက်နှိပ်ဝေငှရန် အားလုံးသဘောတူကြပါသည်။

ဗုဒ္ဓဘုရားရှင်၏ဒေသနာများမှာ မူလအမြစ်အရင်းဖြစ်သော ပါဠိမာဂဓ ဘာသာဖြင့် ရှိခဲ့ရာမှ မိမိတို့ ဒေသအလိုက်၊ မျိုးရိုးဘာသာ(တိုင်းရင်းဘာသာ)ဖြင့် ဖွင့်ဆို ခဲ့ကြပါသည်။ မြန်မာပြည်၌လည်းမြန်မာဘာသာပြန်အမျိုးမျိုးဖြင့်ပြန်ဆိုရေးသားခဲ့သည်ကို တွေ့ရပါသည်။ ၎င်းဘာသာပြန် အမျိုးမျိုးအနက် မြန်မာနိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်မှရိုက်နှိပ်သည့် ဆဋ္ဌသံဂါယနာတင်ပိဋကတ်တော် မဇ္ဈိမနိကာယ်ဝင် သုတ္တန်ပိဋကတ် မူလပဏ္ဏာသ ပါဠိတော်မြန်မာပြန် မူလပရိယာယဝဂ်လာ မဟာသတိပဋ္ဌာနသုတ်ကို ကူးယူ၍ ရိုက်နှိပ်ဝေငှသင့်ကြောင်း အဖွဲ့ကဆုံးဖြတ်ကြပါသည်။

# နိဒါန်း

ထို့ကြောင့်မဟာသ တိပဋ္ဌာနသုတ် မြန်မာပြန်ကို အလှူရှင်က၊ ဓမ္မဒါနအဖြစ် ရိုက်နှိပ်ဝေငှ ပါသည်။ မဟာသတိပဋ္ဌာနသုတ်သည် နက်နဲ ကျယ်ပြန့်လှပါသည်။ ထို့ကြောင့် ဒေသနာတော်မြန်မာပြန်အား ဘတ်ရှုရာတွင် အထောက်အကူ ရစေရန် ရည်ရွယ်၍ မဟာသတိပဋ္ဌာနသုတ်(အကျဉ်း)ကို မြန်မာပြန်၏ ရှေ့ပိုင်းတွင် ဖော်ပြထားပါသည်။

အလှူရှင်၏အာသီသမှာ မဟာသတိပဋ္ဌာနသုတ် (မြန်မာပြန်) အား တရားရှုလိုသူတို့ဘတ်ရှုနိုင်ရန် ဓမ္မဒါနပြုခြင်း ဖြစ်ပါ၍၊ မဟာသတိပဋ္ဌာနသုတ်(အကျဉ်း)အား အခြေခံလျက် မဟာသတိပဋ္ဌာနသုတ် မြန်မာပြန်အား ဆက်လက်လေ့လာ ဘတ်ရှုကြရန် ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့၊
ရွှေဘုန်းပွင့်စာကြည့်ပိဋကတ်တိုက်နှင့်
ယဉ်ကျေးမှုပြတိုက်၊
ပြည်မြို့။

# မဟာသတိပဋ္ဌာနသုတ် (အကျဉ်း)

**မဟာသတိပဋ္ဌာနသုတ်**

ဤမဟာသတိပဋ္ဌာနသုတ်ကို မြတ်စွာဘုရားသည် ကုရုတိုင်း ကမ္မာသဓမ္မ မည်သော နိဂုံး၌ သီတင်းသုံးစဉ် ရဟန်းတို့အား ဟောကြားတော်မူခဲ့ပါသည်။

မဟာသတိပဋ္ဌာန သုတ်သည် ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သော နိကာယ်ငါးရပ်၊ ပိဋကတ်သုံးဖြာ၊အင်္ဂါကိုးတန် ဓမ္မက္ခန်ပေါင်းရှစ်သောင်း လေးထောင်သော ဒေသနာတော်တို့တွင် တရားရှုလိုသူတို့အား နိဗ္ဗာန်ကိုလက်ငင်းရရှိရေး အတွက် တိုက်ရိုက်ထင်ရှား မသွယ်ဝိုက်ဘဲ လမ်းညွှန်သော ဒေသနာတော် ဖြစ်ပေသည်။

မဟာသတိပဋ္ဌာနသုတ်၏ နိဒါန်းတွင် ဘုရားရှင်သည် သတ္တဝါတို့၏စိတ် စင်ကြယ်ရန်၊ စိုးရိမ်ပူပန်ခြင်း၊ ငိုကြွေးခြင်း တို့ကို လွတ်မြောက်ရန်၊ ကိုယ်ဆင်းရဲ–စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းရန်၊အရိယမဂ်ကိုရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တကြောင်း တည်းသောခရီးလမ်းသည် ရှိပေ၏။ ထိုခရီး လမ်းသည်ကား သတိပဋ္ဌာန်လေးပါးတို့ပင်တည်းဟု ညွှန်ပြတော်မူလေသည်။

ဤဒေသနာ၏နိဂုံး၌လည်း သတိပဋ္ဌာန်သုတ်ပါအတိုင်း အကြင်သူသည် ခုနစ်နှစ်ပတ်လုံး၊ ခြောက်နှစ်ပတ်လုံး၊ ငါးနှစ် ပတ်

လုံး ရှုလျှင်မဆိုထားဘိ၊ တနှစ်၊ ခြောက်လ၊ ငါးလ၊ လေးလ၊ သုံးလ၊ တလ၊ လဝက်မျှရှုရန်မဆိုထားဘိ၊ ခုနစ်ရက်ပတ်လုံးပွါးများအံ့၊ ထိုပွါးများသောပုဂ္ဂိုလ်အား မျက်မှောက် ဘဝ၌ပင် အနာဂါမ်အဖြစ် လွတ်မြောက်သူ၊ အရဟတ္တဖိုလ် ရောက်ရှိသူ အဖြစ် နှစ်ရပ်အနက် တရပ်ရပ်ကို မုချရမည်ဟု မြတ်စွာဘုရား သခင်သည် ဟောကြားတော်မူခဲ့ပါသည်။

သတိပဋ္ဌာန်လေးပါးအကျဉ်းချုပ်မှာ၊ ပြင်းစွာ အားထုတ်သောလုံ့လဖြင့်၎င်း၊ သမ္ပဇဉ်ဉာဏ်ဖြင့်၎င်း၊ သတိဖြင့်၎င်း။

၁။ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုဆင်ခြင်ရန်။
၂။ ဝေဒနာ (ခံစားမှု)တို့ကိုအကြိမ်ကြိမ်ရှုဆင်ခြင်ရန်။
၃။ စိတ်တို့ကို အကြိမ်ကြိမ် ရှုဆင်ခြင်ရန်။
၄။ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုဆင်ခြင်ရန်- ညွှန်ပြထားခြင်းဖြစ်ပေသည်။

ထိုကဲ့သို့....

၁။ ရုပ်အပေါင်းကိုအကြိမ်ကြိမ် ရှုဆင်ခြင်ခြင်း အားဖြင့် ရုပ်အပေါင်းသည်သာ ရှိသည်ဟု၎င်း။
၂။ ဝေဒနာ (ခံစားမှု) တို့ကို အကြိမ်ကြိမ် ရှုဆင်ခြင်ခြင်း အားဖြင့် ဝေဒနာ(ခံစားမှု)သည်သာ ရှိသည်ဟု၎င်း။
၃။ စိတ်တို့ကိုအကြိမ်ကြိမ် ရှုဆင်ခြင်ခြင်း အားဖြင့် စိတ်သည်သာ ရှိသည်ဟု၎င်း။
၄။ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုဆင်ခြင်ခြင်း အားဖြင့် သဘောတရားအပေါင်းသည်သာရှိသည်ဟု၎င်း။

သတိဖြစ်ပေါ်လာမည်၊ ထိုသတိမှ အဆင့်ဆင့် အသိဉာဏ်တိုးပွားစေရန် အားထုတ်ရမည်။ ဤသို့ဖြင့် တဏှာဒိဋ္ဌိ ကင်းကွာ၍ လောက၌ (တစုံတရာကိုမျှ) ငါ-ငါ၏ဥစ္စာဟု စွဲလမ်း တော့မည် မဟုတ်။ ငါ-ငါ၏ဥစ္စာဟုစွဲလမ်းမှုပျောက်မည်ဟုညွှန်လေသည်။

## ရုပ်အပေါင်းကိုဆင်ခြင်ခြင်းတဆယ့်လေးပါး

မြတ်စွာဘုရားသည် ရုပ်တို့၌ နည်းတဆယ့် လေးမျိုးဖြင့် ရှုဆင်ခြင်ရန် ညွှန်ပြတော်မူလေသည်။

၁။ ထွက်သက် ဝင်သက်ကို ရှုဆင်ခြင်ခြင်းအပိုင်း၊

ဤအပိုင်း၌ မြတ်စွာဘုရားရှင် ညွှန်ပြတော်မူသည်မှာ ဆိတ်ငြိမ်ရာတွင် တင်ပလ္လင်ခွေထိုင်လျက် ကိုယ်ကို ဖြောင့်မတ် စွာထား၍ သတိဖြင့် ...

(က) ထွက်သက်လေ ဝင်သက်လေကို မှတ်ရှုရမည်။
(ခ) ထွက်သက်လေ ဝင်သက်လေ၏ အတိုအရှည်ကို သိရမည်။
(ဂ) ထွက်သက်လေ ဝင်သက်လေ၏အစ အလယ် အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိအောင် ရှုကြ်ရမည်၊ ရှုရမည်။
(ဃ) ရန့်ရင်းသော ထွက်သက် ဝင်သက် လေကို နူးညံ့ သိမ်မွေ့သွားသည် အထိ ရှုဆင်ခြင်ရမည်။

၂။ ဣရိယာပုတ်ကို ဆင်ခြင်ခြင်းအပိုင်း။

ဤအပိုင်းတွင် ရုပ်တို့၏ ကိုယ်အမူအရာ ပြုမူမှုတို့ကို ပြုမူမှု အမူ အရာ အတိုင်း သိနေရမည်။ သွားလျှင် သွားသည် ဟု သိရမည်။ ရပ်လျှင် ရပ်သည် ဟု သိရမည်။ ထိုင်လျှင် ထိုင်သည် ဟု သိရမည်။ လျောင်းလျှင် လျောင်းသည် ဟု သိရမည် ဖြစ်ပါသည်။

၃။ သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်ခြင်းအပိုင်း။

ဤအပိုင်းတွင် လှုပ်ရှားပြုမူမှု တစုံတရာကို သတိဖြင့် အသိကပ်၍ ပြုလေ့ရှိခြင်းပင် ဖြစ် ပါ သည်။ သွားရာ၊ ရပ်ရာ၊ ထိုင်ရာ၊ အိပ်ရာ၊ နိုးရာ၊ ပြောရာ၊ တိတ်ဆိတ်နေရာ-စသည်တို့၌ သတိဖြင့် အသိကပ်လျက် ပြုရမည် ဖြစ်ပါသည်။

၄။ စက်ဆုပ်ဖွယ် ဟု နှလုံးသွင်းခြင်းအပိုင်း။

ဤအပိုင်းတွင် ခြေဖဝါးမှ အထက် ဆံပင်ဖျားမှ အောက်ထက်ဝန်းကျင် အရေပါး အဆုံးရှိသော(၃၂) ပါးသော စက်ဆုပ်ဖွယ်ကောင်းသော ကိုယ်အင်္ဂါ အစိတ် အပိုင်းများကို စူးစိုက်ဆင်ခြင်ရမည် ဖြစ်ပါသည်။

၅။ ဓါတ်အားဖြင့် နှလုံးသွင်းခြင်းအပိုင်း။

ဤအပိုင်းတွင် ရုပ်အပေါင်း၌ မြေဓါတ်၊ရေဓါတ်၊ မီးဓါတ်၊ လေဓါတ်တို့ ဖွဲ့စည်းပုံကို ဆင်ခြင်ရမည် ဖြစ်ပါသည်။

၆။ သူသေကောင် ကိုးမျိုးကို ဆင်ခြင်ခြင်းအပိုင်း။

ဖူးရောင်နေသော ရုပ်ဆင်းပျက်လျက် ညိုမဲနေသော ပြည်ကဲ့သို့ စက်ဆုပ်ဖွယ် အပုပ်ရည် ယိုစီးသော သူသေကောင်-။

၇။ ကျီး၊ စွန်ရဲ၊ လင်းတ၊ ပုံမတီးငှက်၊ ခွေး၊ ကျားသစ်၊ မြေခွေးတို့ စားအပ်၍ ပိုးအမျိုးမျိုးတို့လည်း စားအပ်သည့် သူသေကောင်-။

၈။ အသား အသွေးရှိသေးသော အကြောတို့ဖြင့် ဖွဲ့ထားသော အရိုးဆက်လျက်ရှိသေးသော သူသေကောင်-။

၉။ အသားကင်း၍သွေးတို့ဖြင့် ပေကျံလျက် အကြောတို့ဖြင့် ဖွဲ့လျက် ရှိသော အရိုးဆက်လျက် ရှိသေးသော သူသေကောင်-။

၁၀။ အသား အသွေးကင်းလျက် အကြောတို့ဖြင့် ဖွဲ့ထားသော အရိုးစုဖြစ်သော သူသေကောင်-။

၁၁။ လက်ရိုး၊ ခြေရိုး စသည့် အရိုးများ ပြန့်ကျဲ၍နေသော အရိုးစုသူသေကောင်-။

၁၂။ ခရုသင်းအဆင်းကဲ့သို့ ဖြူဖွေးနေသော အရိုးစု သူသေကောင်-။

၁၃။ နှစ်ကြာစွာ စုပုံနေသော အရိုးစု သူသေကောင်-။

၁၄။ ဆွေးမြေ့လျက် အမှုန့်ဖြစ်ကုန်သော အရိုးစု သူသေကောင်-။

ဤအပိုင်းတွင် ကိုးမျိုး ကိုးစားသော သူသေကောင်တို့ကို ကြည့်ရှုဆင်ခြင်၍ ငါ၏ရုပ်အပေါင်းသည်လည်း

ဤသို့သော သဘောရှိမည်။ ဤသို့သော သဘောဖြစ်လိမ့်မည်။ ဤသို့သော သဘောကို မလွန်ဆန်နိုင် ဟု ကြည့်ရှုဆင်ခြင်ရမည်ဖြစ်သည်။

ရုပ်အပေါင်းကို ရှုဆင်ခြင်ရာတွင် မိမိ၏ ရုပ် အပေါင်းဥ္စ်ရင်း၊ သူတပါး၏ ရုပ်အပေါင်းဥ္စ်ရင်း၊ မိမိနှင့် သူတပါးတို့၏ ရုပ်အပေါင်းဥ္စ်ရင်း၊ အကြိမ်ကြိမ် ရှုရမည်။ ထို့ပြင် ရုပ်အပေါင်း၏ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘော၊ ပျက်ကြောင်း တရားနှင့် ပျက်ခြင်း သဘော ဖြစ်ကြောင်း၊ ပျက်ကြောင်း တရားနှင့် ဖြစ်ခြင်း ပျက်ခြင်း သဘောတို့ကို အကြိမ်ကြိမ် ရှုရမည်။ ထိုအခါ ရုပ် အပေါင်း သည်သာ ရှိသည် ဟု သတိ ဖြစ်ပေါ်လာမည်။ ထိုသတိမှ အဆင့်ဆင့် အသိဉာဏ် တိုးပွားစေရန် အားထုတ်ရမည်။ ဤသို့ဖြင့် တဏှာ ဒိဋ္ဌိကင်းကွာ၍ လောက၌ (တစုံတရာကိုမျှ) ငါ- ငါ၏ ဥစ္စာ ဟု စွဲလမ်းတော့မည် မဟုတ်၊ ငါ-ငါ၏ ဥစ္စာ ဟု စွဲလမ်းမှုပျောက်မည် ဟု ညွှန်ပြတော်မူလေသည်။

ရုပ်အပေါင်းကို ဆင်ခြင်ခြင်း တဆယ့်လေးပါးပြီး၏။

## ဝေဒနာကိုဆင်ခြင်ခြင်းကိုးပါး

မြတ်စွာဘုရားသည် ဝေဒနာကိုသတိဖြင့်ဆင်ခြင်ရာ၌ကိုးမျိုးသော ခံစားမှုတို့ကို ဆင်ခြင်ရန် ညွှန်ပြတော်မူလေသည်။

(၁) ချမ်းသာသော ခံစားမှု။ (၂)ဆင်းရဲသော ခံစားမှု။ (၃) ဆင်းရဲမဟုတ်-ချမ်းသာမဟုတ်သော ခံစားမှုတို့ကို သတိဖြင့် ဆင်ခြင်ရမည်။ တဖန် (၄) ကာမဂုဏ်နှင့် စပ်သော ချမ်းသာသော ခံစားမှု။ (၅) ကာမဂုဏ်နှင့်စပ်သော ဆင်းရဲသော ခံစားမှု။ (၆)ကာမဂုဏ်နှင့် စပ်သော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သောခံစားမှုတို့ကို သတိနှင့် ဆင်ခြင်ရမည်။ရင်းပြင်(၇) ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲသော ခံစားမှု။(၈) ကာမဂုဏ်နှင့် မစပ်သောချမ်းသာသောခံစားမှု။ (၉)ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲမဟုတ်၊ ချမ်းသာမဟုတ်သော ခံစားမှုတို့ကို သတိဖြင့် ဆင်ခြင်ရမည်။

ဤသို့-ခံစားမှုတို့ကိုဆင်ခြင်ရာတွင် မိမိ၏ခံစားမှု၌ရင်း၊သူတပါး၏ ခံစားမှု၌ရင်း၊ မိမိနှင့် သူတပါးတို့၏ ခံစားမှု၌ရင်း၊ အကြိမ်ကြိမ် ရှုဆင်ခြင်ရမည်။ ထို့ပြင် ခံစားမှုအပေါင်း၏ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်း သဘော၊ပျက်ကြောင်း တရားနှင့် ပျက်ခြင်းသဘော၊ဖြစ်ကြောင်း၊ ပျက်ကြောင်းတရားနှင့် ဖြစ်

ခြင်း ပျက်ခြင်းသဘောတို့ကို အကြိမ်ကြိမ် ရှုဆင်ခြင်ရမည်။ ထိုအခါ ခံစားမှုသည်သာ လျှင်ရှိ၏ဟု သတိဖြစ်ပေါ် လာမည်။ ထိုသတိမှ အဆင့်ဆင့် အသိဉာဏ် တိုးပွားစေရန် အားထုတ်ရမည်။ ဤသို့ဖြင့် တဏှာဒိဋ္ဌိ ကင်းကွာ၍ လောက၌ တစုံတရာကိုမျှ-ငါ-ငါ၏ ဥစ္စာဟုစွဲလမ်းတော့မည် မဟုတ်၊ငါ-ငါ၏ဥစ္စာဟု စွဲလမ်းမှု ပျောက်မည် ဟု ညွှန်ပြတော်မူလေသည်။

ဝေဒနာကို ဆင်ခြင်ခြင်းကိုးပါး ပြီး၏။

## စိတ် ကို ဆင်ခြင်ခြင်း တဆယ့် ခြောက် ပါး

မြတ်စွာဘုရားသည် စိတ်ကို ဆင်ခြင်ရာ၌ တဆယ့် ခြောက်ပါးသော စိတ်တို့ကို သတိဖြင့် ဆင်ခြင်ရန် ညွှန်ပြတော်မူလေသည်။

(၁) တပ်မက်ခြင်းနှင့် ဖြစ်သောစိတ်။ (၂) တပ်မက်ခြင်းကင်းသောစိတ်၊ (၃) အမျက်ထွက်ခြင်းနှင့် ဖြစ်သောစိတ်။ (၄) အမျက်ကင်းသောစိတ်။ (၅) တွေဝေခြင်းနှင့်ဖြစ်သောစိတ်။ (၆) တွေဝေခြင်းကင်းသောစိတ်။ (၇)ကျုံ့သောစိတ်။ (၈) ပြန့်သောစိတ်။ (၉) ရူပ အရူပစိတ်- (မဟဂ္ဂုတ်) (၁၀) ကာမာဝစရစိတ်။ (အမဟဂ္ဂုတ်) (၁၁) ကာမာဝစရစိတ်-(သဉတ္တရ)။ (၁၂) ရူပ အရူပစိတ်--(အနုတ္တရ)။ (၁၃) တည်ကြည်သောစိတ်။ (၁၄) မတည်ကြည်သော

စိတ်။ (၁၅) လွတ်မြောက်သောစိတ်။ (၁၆) မလွတ်မြောက်သောစိတ်တို့ကို ဆင်ခြင်ရမည်။

ဤသို့ မိမိစိတ်၌ရင်း၊ သူတပါး၏ စိတ်၌ရင်း၊ မိမိနှင့် သူတပါးတို့၏ စိတ်၌ရင်း အကြိမ်ကြိမ် ရှုဆင်ခြင်ရမည်။ ထို့ပြင် စိတ်တို့၏ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘော၊ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘော၊ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောတို့ကို အကြိမ်ကြိမ် ရှုဆင်ခြင်ရမည်။ ထိုအခါ စိတ်သည်သာလျှင် ရှိ၏ ဟု သတိဖြစ်ပေါ်လာမည်။ ထိုသတိမှ အဆင့်ဆင့် အသိဉာဏ် တိုးပွားစေရန် အားထုတ်ရမည်။

ဤသို့ဖြင့် တဏှာဒိဋ္ဌိကင်းကွာ၍ လောက၌ တစုံတရာကိုမျှ ငါ-ငါ၏ဥစ္စာဟု စွဲလမ်းတော့မည်မဟုတ်၊ ငါ-ငါ၏ဥစ္စာ ဟု စွဲလမ်းမှု ပျောက်မည်ဟု ညွှန်ပြတော်မူလေသည်။

စိတ်ကိုဆင်ခြင်ခြင်း တဆယ့်ခြောက်ပါးပြီး၏။

## သဘောတရားကို ဆင်ခြင်ခြင်း ငါးပါး။

မြတ်စွာဘုရားသည် သဘောတရားကိုဆင်ခြင်ရာတွင်....

၁။ နီဝရဏ တရား ( အပိတ် အပင်တရား ) ငါးပါးကို ဆင်ခြင်ရန်။

၂။ ခန္ဓာငါးပါးကို ဆင်ခြင်ရန်။

၃။ အာယတန( ဖြစ်ရာအကြောင်း) တဆယ့် နှစ်ပါးကို ဆင်ခြင်ရန်။

၄။ ဗောဇ္ဈင် (သစ္စာတို့ကိုသိကြောင်း) ခုနစ်ပါးကိုဆင်ခြင်ရန်။

၅။ သစ္စာလေးပါးကို ဆင်ခြင်ရန်။

ညွှန်ပြတော်မူလေသည်။

(၁) နီဝရဏတရား (အပိတ်အပင်တရား) ငါးပါး ကို ဆင်ခြင်ခြင်းအပိုင်း။

သဘောတရားတို့ကို ဆင်ခြင်ရာ၌ (၁) ကာမဂုဏ် အလိုရှိမှု။ (၂) သူတပါးပျက်စီးစေလိုခြင်း သဘော။ (၃)လေးလံထိုင်းမှိုင်းပျင်းလွင့်ခြင်း။ (၄)နှလုံးမသာခြင်း။ (၅)မဝေခွဲနိုင်ခြင်းတို့သည် မိမိတွင် ရှိလျှင် ရှိသည်ဟူ၍၎င်း၊ မရှိလျှင် မရှိဟူ၍၎င်း၊ ရှုမှတ်ဆင်ခြင်ရမည်။ မဖြစ်သေးသောနီဝရဏ (အပိတ်အပင်) တရားတို့၏ဖြစ်ကြောင်း- ပယ်ကြောင်းနှင့် ပယ်ပြီးသောတရားတို့၏ နောင်အခါ မဖြစ်ပေါ်ကြောင်းတို့ကိုလည်း ရှုမှတ်ဆင်ခြင်ရမည်။

(၂) ခန္ဓာငါးပါးကို ဆင်ခြင်ခြင်းအပိုင်း။

ခန္ဓာငါးပါးဖြစ်သော (၁) ရုပ်။ (၂)ခံစားမှု။ (၃)သိမှတ်မှု။ (၄)ပြုပြင်စီရင်မှု အားထုတ်မှုနှင့် (၅)အသိစိတ်တို့ကို သိရမည်။ ၎င်းပြင် ခန္ဓာငါးပါး၏ ဖြစ်ကြောင်းကို၎င်း၊ ခန္ဓာငါးပါး၏ချုပ်ရာကို၎င်း ရှုရမည်။

(၃) အာယတန (ဖြစ်ရာအကြောင်း) တဆယ့် နှစ်ပါး ကိုဆင်ခြင်ခြင်းအပိုင်း။

အာယတန (ဖြစ်ရာအကြောင်း) တဆယ့်နှစ်ပါးဖြစ်သော-

(၁) မျက်စိနှင့် (၂) အဆင်း။

(၃) နားနှင့် (၄) အသံ။

(၅) နှာခေါင်းနှင့် (၆) အနံ့။
(၇) လျှာနှင့် (၈) အရသာ။
(၉) ကိုယ်နှင့် (၁၀) အတွေ့အထိ။
(၁၁) အသိစိတ်နှင့် (၁၂) သဘောတရား။
တို့တွင် နှင်ပါးစုံကိုစွဲ၍ ဖြစ်သော သံယောဇဉ်၊ သံယောဇဉ်၏ ဖြစ်ကြောင်း တရား၊ သံယောဇဉ်ကို ပယ်ကြောင်းတရား၊ ပယ်ပြီးသော သံယောဇဉ်၏နောင်အခါ မဖြစ်ပေါ်ကြောင်း တရားတို့ကို ဆင်ခြင်ရမည်။

(၄) ဗောဇ္ဈင် (သစ္စာတို့ကိုသိကြောင်း) ခုနစ်ပါးကို ဆင်ခြင်ခြင်းအပိုင်း။

ဗောဇ္ဈင်(သစ္စာတို့ကိုသိကြောင်း)ခုနစ်ပါးသော သဘောတရားဖြစ်သော (၁) မဂ်ဉာဏ်၏အကြောင်းဖြစ်သော အောက်မေ့ခြင်း။ (၂)မဂ်ဉာဏ်၏အကြောင်းဖြစ်သော တရားသဘောကိုစူးစမ်းဆင်ခြင်ခြင်း။ (၃) မဂ်ဉာဏ်၏ အကြောင်း ဖြစ်သော အားထုတ်ခြင်း။ (၄)မဂ်ဉာဏ်၏အကြောင်းဖြစ်သောနှစ်သိမ့်ခြင်း။ (၅) မဂ်ဉာဏ်၏အကြောင်း ဖြစ်သော ကိုယ် စိတ်၏ ငြိမ်းချမ်းခြင်း။ (၆)မဂ်ဉာဏ်၏အကြောင်းဖြစ်သောတည်ကြည်ခြင်း။ (၇) မဂ်ဉာဏ်၏အကြောင်းဖြစ်သောအညီအမျှရှုခြင်းတို့ မိမိတွင်ရှိလျှင် ရှိကြောင်း၊ မရှိလျှင် မရှိကြောင်း ဆင်ခြင်ရမည်။ မဖြစ်သေးသောသစ္စာတို့ကိုသိကြောင်းတရားတို့၏ဖြစ်ကြောင်းနှင့် ဖြစ်ပြီးသောသဘောတရားတို့၏ ပွားများရန် အကြောင်းကိုလည်း ရှုဆင်ခြင်ရမည်။

(၅) သစ္စာလေးပါးကို ဆင်ခြင်ခြင်းအပိုင်း။

ဤအပိုင်းတွင် သစ္စာလေးပါးဖြစ်သော....

ဒုက္ခကို ဟုတ်မှန်သည့်အတိုင်း သိခြင်း။
ဒုက္ခ ဖြစ်ကြောင်း တရားကို ဟုတ် မှန် သည့် အ တိုင်း သိခြင်း။
ဒုက္ခချုပ်ရာတရားကို ဟုတ်မှန်သည့်အတိုင်း သိခြင်း။
ဒုက္ခချုပ်ရာသို့ရောက်ကြောင်း အကျင့်ကိုဟုတ်မှန်သည့် အတိုင်း သိခြင်းပင် ဖြစ်၏။

## သစ္စာ လေး ပါး

ဒုက္ခအရိယသစ္စာ

ပဋိသန္ဓေတည်နေခြင်း၊ အိုခြင်း၊ သေခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာ ပူပန်ခြင်း၊ မချစ်ခင် မနှစ်လို ဖွယ်တို့နှင့် တွေ့ဆုံပေါင်းသင်းရခြင်း၊ ချစ်နှစ်လို ဖွယ်တို့နှင့် ကွဲကွာ ကေွကွင်းရခြင်း၊ အလိုရှိသည်ကို မရခြင်းတို့သည် ဒုက္ခပင် ဖြစ်၏။

အကျဉ်းချုပ် အားဖြင့် ငါးပါးသော ဥပါဒါန်၏ အာရုံတရားစုဖြစ်သော ရုပ်ဥပါဒါန်၏ အာရုံတရားစု၊ ခံစားခြင်း ဥပါဒါန်၏ အာရုံတရားစု၊ မှတ်သိခြင်း ဥပါဒါန်၏ အာရုံ တရားစု၊ ပြုပြင်စီရင်မှု၊ အားထုတ်မှု၊ ဥပါဒါန်၏ အာရုံ တရားစု၊ အထူးသိမှု ဥပါဒါန်၏ အာရုံတရားစုတို့သည် ဒုက္ခပင်ဖြစ်၏။

ဒုက္ခသမုဒယ အရိယ သစ္စာ။

ဘဝသစ်ကို ဖြစ်စေ တတ်သော နှစ်သက် တပ်မက်ခြင်း တဏှာ၊(ကာမအာရုံတို့၌ ခုံမင်တပ်မက်ခြင်း ကာမတဏှာ၊ဘဝ ဖြစ်ပေါ်မှု၌ တပ်မက်ခြင်း ဘဝတဏှာ၊ ဘဝပြတ်စဲမှု၌ တပ်မက်မြင်း-ဝိဘဝတဏှာ)သည် ဒုက္ခဖြစ်ကြောင်းတရား-(ဒုက္ခ သမုဒယသစ္စာ)ပင် ဖြစ်၏။

ဒုက္ခ နိရောဓ အရိယ သစ္စာ။

ဘဝသစ်ကို ဖြစ်စေတတ်သော နှစ်သက် တပ်မက်ခြင်း တဏှာ၏အကြွင်းမဲ့ ကင်းချုပ်ရာ၊ တဏှာကို စွန့်ရာ၊ တဏှာမှ လွတ်မြောက်ရာ၊ တဏှာဖြင့် မကပ်ငြိရာ နိဗ္ဗာန်သည် ဒုက္ခချုပ် ရာတရား(ဒုက္ခ နိရောဓ သစ္စာ)ဖြစ်၏။

ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စာ။

မှန် စွာ သိ ခြင်း (သမ္မာဒိဋ္ဌိ)၊ မှန် စွာ ကြံ ခြင်း၊ (သမ္မာ သင်္ကပ္ပ)၊ မှန်စွာပြောဆိုခြင်း၊ (သမ္မာဝါစာ) မှန်စွာ ပြုလုပ် ခြင်း(သမ္မာကမ္မန္တ) မှန်စွာ အသက်မွေးခြင်း(သမ္မာအာဇီဝ)၊ မှန်စွာအားထုတ်ခြင်း (သမ္မာဝါယမ)၊ မှန်စွာ အောက်မေ့ ခြင်း (သမ္မာ သတိ) မှန်စွာ တည်ကြည်ခြင်း (သမ္မာ သမာဓိ) တည်းဟူသော မြတ်သော အင်္ဂါရှစ်ပါးရှိသော အကျင့်လမ်း တို့သည် ဒုက္ခချုပ်ရာသို့ ရောက်ကြောင်းတရား(ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ သစ္စာ)ပင် ဖြစ်၏။

သဘောတရားကို ဆင်ခြင်ရာတွင် မိမိ၏ သဘောတရားတို့၌ ၎င်း၊ သူတပါး၏ သဘောတရားတို့၌၎င်း၊ မိမိနှင့် သူတပါးတို့၏ သဘော တရားတို့၌၎င်း၊ အကြိမ်ကြိမ် ရှုရမည်။ ထို့ အပြင် သဘောတရားတို့၏ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘော၊ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘော၊ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်းပျက်ခြင်းသဘောတို့ကိုအကြိမ်ကြိမ်ရှုရမည်။ ထိုအခါ သဘောတရား အပေါင်းသည်သာရှိသည် ဟု သတိဖြစ်ပေါ်လာမည်။ ထိုသတိမှအဆင့်ဆင့်အသိဉာဏ်တိုးပွားစေရန် အားထုတ်ရမည်။ ဤသို့ဖြင့် တဏှာ ဒိဋ္ဌိ ကင်းကွာ၍ လောက၌ (တစုံတရာကိုမျှ) ငါ-ငါ၏ ဉစ္စာ ဟု စွဲလမ်းတော့မည် မဟုတ်။ ငါ-ငါ၏ ဉစ္စာ ဟု စွဲလမ်းမှု ပျောက်မည် ဟု ညွှန်တော်မူလေသည်။

သဘောတရားကို ဆင်ခြင်ခြင်းငါးပါးပြီး၏။

............)း၀း(............

## မဟာသတိပဋ္ဌာနသုတ်

အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်……

အခါတပါး၌ မြတ်စွာဘုရားသည် ကုရုတိုင်း ကမ္မာသဓမ္မမည်သော နိဂုံး၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည်ရဟန်းတို့ကို- "ရဟန်းတို့" ဟု ခေါ်တော်မူ၏။ ရဟန်းတို့သည်မြတ်စွာဘုရားအား "အသျှင်ဘုရား" ဟုပြန်ကြားလျှောက်ထား ကြကုန်၏။ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။

## သတိပဋ္ဌာန်လေးပါးအကျဉ်းချုပ်

ရဟန်းတို့ ဤခရီးလမ်းသည် သတ္တဝါတို့၏စိတ် စင်ကြယ်ရန် စိုးရိမ်ပူပန်ခြင်း၊ ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ချုပ်ငြိမ်းရန်၊ အရိယမဂ်ကိုရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တကြောင်းတည်းသော ခရီးလမ်းဖြစ်ပေ၏။ယင်းသည့်ခရီးလမ်းကား ဤသတိပဋ္ဌာန်လေးပါးတို့ပင်တည်း။

လေးပါးတို့သည် အဘယ်တို့နည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍၊ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကိုအကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏၊

ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏။

ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ သဘောတရားတို့၌ သဘောတရား တို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

**သတိပဋ္ဌာန်လေးပါး အကျဉ်းချုပ် ပြီး၏။**

---

# ရုပ်အပေါင်းကို ရှုဆင်ခြင်ခြင်း တဆယ့်လေးပါး

## (၁) ထွက်သက်ဝင်သက်ကို ရှုဆင်ခြင်ခြင်း အပိုင်း

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့၊ ဤသာသနာတော်၌ရဟန်းသည်တောသို့သွားရောက်၍ဖြစ်စေ၊ သစ်ပင်ရင်းသို့ သွားရောက်၍ဖြစ်စေ၊ ဆိတ်ငြိမ်ရာသို့ သွားရောက်၍ဖြစ်စေ၊ တင်ပလ္လင်ခွေပြီးလျှင် ကိုယ်ကိုဖြောင့်မတ်စွာထား၍ သတိကို(ကမ္မဋ္ဌာန်းသို့)ရှေးရှုဖြစ်စေလျက် ထိုင်၏။ ထိုရဟန်းသည်သတိရှိလျက်သာလျှင် ထွက်သက်လေကို ရှိုက်၏။

သတိရှိလျက်သာလျှင် ဝင်သက်လေကိုရှူ၏။ ရှည်ရှည်ရှိုက်လျှင်လည်း- ရှည်ရှည်ရှိုက်သည်ဟုသိ၏။ ရှည်ရှည် ရှူလျှင်လည်း ရှည်ရှည် ရှူသည်ဟု သိ၏။ တိုတို ရှိုက်လျှင်လည်း- တိုတို ရှိုက်သည်ဟုသိ၏။ တိုတိုရှူလျှင်လည်း-တိုတိုရှူသည်ဟုသိ၏။ (ထွက်သက်လေ၏) အစ-အလယ်-အဆုံး အလုံးစုံသော ရုပ်အပေါင်းကိုထင်ရှားသိလျက် ရှိုက်မည် ဟု ကျင့်၏။ ( ဝင်သက်လေ၏) အစ-အလယ်- အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှားသိလျက် ရှူမည်ဟု ကျင့်၏။ရုန့်ရင်းသောထွက်သက်ကို ငြိမ်းစေလျက် ရှိုက်မည်ဟု ကျင့်၏။ ရုန့်ရင်းသော ဝင်သက်ကို ငြိမ်းစေလျက် ရှူမည်ဟုကျင့်၏။

ရဟန်းတို့ ဥပမာသော်ကား ကျွမ်းကျင်သော ပွတ်သမားသည်၎င်း၊ ပွတ်သမား၏တပည့်သည်၎င်း(ပွတ်ကြိုးကို)ရှည်ရှည် ဆွဲငင်လျှင်လည်း- ရှည်ရှည်ဆွဲငင်သည်ဟုသိ၏။ (ပွတ်ကြိုးကို) တိုတိုဆွဲငင်လျှင်လည်း-တိုတိုဆွဲငင်သည်ဟု သိ၏။ ရဟန်းတို့ ဤအတူပင် ရဟန်းသည် ရှည်ရှည်ရှိုက်လျှင်လည်း-ရှည်ရှည်ရှိုက်သည်ဟု သိ၏။ ရှည်ရှည်ရှူလျှင်လည်း- ရှည်ရှည် ရှူသည်ဟု သိ၏။ တိုတိုရှိုက်လျှင်လည်း-တိုတို ရှိုက်သည်ဟု သိ၏။ တိုတို ရှူလျှင်လည်း-တိုတိုရှူသည်ဟုသိ၏၊ (ထွက်သက်လေ၏) အစ-အလယ်-အဆုံး အလုံးစုံသောရုပ်အပေါင်းကို ထင်ရှားသိလျက် ရှိုက်မည်ဟု ကျင့်၏၊ (ဝင်သက်လေ၏) အစ-အလယ်- အဆုံး အလုံးစုံသော ရုပ်အပေါင်းကို ထင်ရှား သိလျက် ရှူမည်ဟု ကျင့်၏။ ရုန့်ရင်းသော ထွက်သက်ကိုငြိမ်းစေလျက် ရှိုက်မည်ဟု ကျင့်၏။ ရုန့်ရင်းသော ဝင်သက်ကို ငြိမ်းစေလျက် ရှူမည်ဟု ကျင့်၏။

ဤသို့-မိမိ၏ ရုပ် အပေါင်း၌မူ လည်း ရုပ်အ ပေါင်း ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။သူတပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏။ မိမိ သူတပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ရုပ်အပေါင်း၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ရုပ်အပေါင်း၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်းနေ၏။ရုပ်အပေါင်း၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏။ ထို့ပြင်- ရုပ်အပေါင်းသည် သာ လျှင် ရှိသည် ဟု ထိုရဟန်းအား သတိသည်ရှေးရှုထင်၏။(ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွားခြင်းငှာသာ ဖြစ်၏။ အဆင့်ဆင့်သတိတဖန်တိုးပွားခြင်းငှာသာဖြစ်၏(ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်းနေ၏။ လောက၌ တစုံတရာကိုမျှလည်း (ငါ ငါ၏ ဥစ္စာဟု)စွဲလည်း မစွဲလမ်း။ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။

ထွက်သက် ဝင်သက်ကို ရှုဆင်ခြင်ခြင်းအပိုင်း ပြီး၏။

## ၂-ဣရိယာပုထ်ကို ဆင်ခြင်ခြင်းအပိုင်း

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည်သွားလျှင်လည်း သွားသည် ဟု သိ၏။ ရပ်လျှင်လည်း ရပ်သည် ဟု သိ၏။ ထိုင်လျှင်လည်း ထိုင်သည် ဟု သိ၏။ လျောင်းလျှင်လည်း လျောင်းသည်ဟုသိ၏။ ထိုရဟန်း၏ရုပ်အပေါင်းသည်အကြင်အကြင်အမူအရာအားဖြင့် တည်နေ၏။ ထိုရုပ်အပေါင်းကို ထိုထိုအမူအရာအားဖြင့် သိ၏။

ဤသို့-မိမိ၏ ရုပ် အ ပေါင်း ၌ မူလည်း ရုပ် အ ပေါင်း ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတပါး၏ ရုပ် အ ပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှု လေ့ရှိသည် ဖြစ်၍နေ၏။ မိမိ သူတပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ် အပေါင်းဟုအကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။ရုပ်အပေါင်း၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ရုပ်အပေါင်း၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ ရှိ သည် ဖြစ် ၍ မူလည်း နေ၏။ ရုပ်အပေါင်း၌ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ ထို့ပြင်—ရုပ်အပေါင်းသည် သာလျှင် ရှိ၏ ဟု ထိုရဟန်းအား သတိသည် ရှေ့ရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ်ကို တိုးပွားခြင်းငှာသာဖြစ်၏။ အဆင့်ဆင့် သတိကိုဖန် တိုးပွားခြင်းငှာသာဖြစ်၏။ (ထိုရဟန်းသည်

တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်းနေ၏။ လောက၌ တစုံတရာကိုမျှလည်း(ငါ-ငါ၏ဥစ္စာ)ဟုစွဲလည်း မစွဲလမ်း၊ရဟန်းတို့ဤသို့လည်း ရဟန်းသည် ရုပ် အ ပေါင်း ၌ ရုပ် အ ပေါင်း ကိုအကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

ဣရိယာပုထ်ကို ဆင်ခြင်ခြင်းအပိုင်း ပြီး၏။

............)း၀း(............

## ၃-သတိသမ္ပဇဉ်ဖြင့်ဆင်ခြင်ခြင်းအပိုင်း

ရဟန်းတို့ ဟဖန် ထို့ပြင်လည်း ရဟန်းသည် ရှေ့သို့တိုး ရာ နေခံသို့ဆုတ်ရာ၌ သိလျက်ပြုလေ့ရှိ၏။ တူရူကြည့်ရာ၊တစောင်းကြည့်ရာ၌ သိလျက်ပြုလေ့ရှိ၏။ကွေးရာ ဆန့်ရာ၌ သိလျက် ပြုလေ့ရှိ၏။ဒုကုဋ်သပိတ်သင်္ကန်းကိုဆောင်ရာ၌ သိလျက် ပြုလေ့ရှိ၏။ စားရာသောက်ရာ၊ ခဲရာ လျက်ရာ၌ သိလျက် ပြုလေ့ရှိ၏။ ကျင်ကြီး ကျင်ငယ်စွန့်ရာ၌ သိလျက်ပြုလေ့ရှိ၏။သွားရာ၊ ရပ်ရာ၊ ထိုင်ရာ၊အိပ်ရာ၊ နိုးရာ၊ပြောရာ၊ ဆိတ်ဆိတ်နေရာ၌ သိလျက်ပြုလေ့ရှိ၏။ ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကိုအကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ (ပ) ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

သတိသမ္ပဇဉ် ဆင်ခြင်ခြင်းအပိုင်း ပြီး၏။

# ၄-စက်ဆုပ်ဖွယ် ဟု နှလုံးသွင်းခြင်းအပိုင်း

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် ခြေဖဝါးမှ အထက်၊ဆံပင်ဖျားမှ အောက်၊ထက်ဝန်းကျင် အရေပါးအဆုံးရှိသော မစင်ကြယ်သည့် အရာအမျိုးမျိုး တို့ ဖြင့် ပြည့် လျက် ရှိသော ဤရုပ်အပေါင်းကိုပင် စူးစိုက်ဆင်ခြင်၏“ဤရုပ်အပေါင်း၌ ဆံပင် အမွေး၊ ခြေသည်း၊လက်သည်း၊ သွား၊အရေ၊အသား၊ အကြော၊ အရိုး၊ရိုးတွင်းခြင်ဆီ၊အညှို နှလုံး၊အသည်း၊ အမြှေး၊ အဖျင်း၊ အဆုပ်၊ အူမ အူသိမ်၊ အစာသစ်၊ အ စာ ဟောင်း၊ ဦးနှောက်၊ သည်းခြေ၊သလိပ်၊ ပြည်၊သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ဆီကြည်၊တံထွေး၊နှပ်၊အစေး၊ကျင်ငယ်သည်ရှိ၏”ဟု စူးစိုက်ဆင်ခြင်၏။

ရဟန်းတို့ ဥပမာသော်ကား-နှစ်ဖက်မျက်နှာဝရှိသောအိတ်သည် စပါး အမျိုးမျိုးဖြင့် ပြည့်လျက် ရှိရာ၏။ အဘယ်စပါးတို့နည်းဟူမူ-သလေးစပါး၊ ကောက်ကြီးစပါး၊ပဲနောက်၊ပဲကြီး၊ နှမ်းဆန်တို့တည်း။မျက်စိ အ မြင် ရှိ သော ယောကျ်ား သည် ထိုအိတ်ကိုဖြေ၍ “ဤ သည် တို့ ကား သလေးစပါးတို့တည်း။ ဤသည်တို့ကား ကောက်ကြီးစပါးတို့တည်း။ ဤသည်တို့ကား ပဲနောက်တို့တည်း။ ဤသည်တို့ကား ပဲကြီးတို့တည်း။ဤသည်တို့ကား နှမ်းတို့တည်း။ဤသည်တို့ကားဆန်တို့တည်း-”ဟု စူးစိုက်ဆင်ခြင်ရာသကဲ့သို့ ရဟန်းတို့ဤအတူပင် ရဟန်းသည်ခြေဖဝါးမှ အထက်၊ဆံပင်ဖျားမှ အောက်၊ထက်ဝန်းကျင်အရေပါး အဆုံးရှိသောမစင်ကြယ်သည့် အရာအမျိုးမျိုးတို့ဖြင့် ပြည့်လျက်ရှိသော ဤရုပ်အပေါင်းကိုပင် စူးစိုက် ဆင်ခြင်၏။ ဤရုပ်အပေါင်း၌

ဆံပင် အမွေး ခြေသည်း လက်သည်း သွားအရေ၊ (ပ) ကျင်ငယ်သည်ရှိ၏ ဟု (စူးစိုက် ဆင်ခြင်၏)။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း ချပ် အ ပေါင်း ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ (ပ) ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။

**စက်ဆုပ်ဖွယ် ဟု နှလုံးသွင်း ဆင်ခြင်ခြင်းအပိုင်း ပြီး၏။**

…………)း၀း(…………

## ၅—ဓာတ်အားဖြင့် နှလုံးသွင်းခြင်းအပိုင်း

ရဟန်းတို့တဖန်ထို့ပြင်လည်း ရဟန်းသည်ဤရုပ်အပေါင်း၌ မြေဓါတ်၊ ရေဓါတ်၊ မီးဓါတ်၊ လေဓါတ်-သည် ရှိ၏ ဟု ဤရုပ်အပေါင်းကို တည်မြဲတိုင်း၊ ထားမြဲတိုင်းပင် ဓါတ်အားဖြင့် စူးစိုက် ဆင်ခြင်၏။

ရဟန်းတို့၊ ဥပမာသော်ကား ကျွမ်းကျင်သော နွားသတ်သမားသည်၎င်း၊ နွားသတ်သမား၏ တပည့်သည်၎င်း၊ နွားကို သတ်၍ လမ်းလေးခွဆုံရာ၌ အစုအပုံအားဖြင့် ခွဲခြားလျက် ထိုင်နေရာသကဲ့သို့ ရဟန်းတို့ ဤအတူပင် ရဟန်းသည် "ဤရုပ်အပေါင်း၌ မြေဓါတ်၊ ရေဓါတ်၊ မီးဓါတ်၊ လေဓါတ်သည်ရှိ၏" ဟု ဤရုပ် အပေါင်းကို တည်မြဲတိုင်း၊ ထားမြဲတိုင်းပင် ဓါတ်အားဖြင့် စူးစိုက်ဆင်ခြင်၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌လည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုမလေ့ ရှိသည်ဖြစ်၍ နေ၏။(ပ) ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည်ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။

ဓါတ်အားဖြင့် နှလုံးသွင်းခြင်းအပိုင်း ပြီး၏။

............)း၀း(............

## ၆-သူသေကောင်ကိုးမျိုးကို ဆင်ခြင်ခြင်းအပိုင်း

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် သေ၍ တရက်ရှိသော သူသေကောင်၊ သေ၍ နှစ်ရက်ရှိသော သူသေကောင်၊ သေ၍ သုံးရက်ရှိသော သူသေကောင်၊ ဖူးရောင်နေသော သူသေကောင်၊ ရုပ်ဆင်းပျက်လျက် ညိုမဲနေသော သူသေကောင်၊ ပြည်ကဲ့သို့ စက်ဆုပ်ဖွယ် အပုပ်ရည် ယိုစီးသော သင်းချိုင်း၌ စွန့်ပစ်ထားသော သူသေကောင်ကို မြင်ရာသကဲ့သို့ ထိုရဟန်းသည် "ဤငါ၏ ရုပ်အပေါင်းသည်လည်း ဤသို့သော သဘောရှိ၏။ ဤသို့သော သဘော ဖြစ် လိမ့်မည် သာ တည်း။ ဤသို့သော သဘောကို မလွန်ဆန်နိုင်"ဟု ဤရုပ်အပေါင်းကိုပင် နှိုင်းစာ၍ ရှု၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုမလေ့ရှိသည် ဖြစ်၍နေ၏။ (ပ) ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ် အ ပေါင်း ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။

ရဟန်းတို့၊ တဖန် ထို့ပြင်လည်း ရဟန်းသည် ကျီးတို့ခဲစား အပ်သည်မှုလည်း ဖြစ်သော၊ စွန်ရဲတို့ ခဲစားအပ်သည်မှုလည်း ဖြစ်သော၊ လင်းတတို့ ခဲစားအပ်သည်မှုလည်းဖြစ်သော၊ဘုံမတီး ငှက်တို့ ခဲစားအပ်သည်မှုလည်းဖြစ်သော၊ခွေးတို့ခဲစားအပ်သည် မှုလည်းဖြစ်သော၊ ကျားတို့ ခဲစားအပ်သည်မှုလည်းဖြစ်သော၊ သစ်တို့ ခဲစားအပ်သည်မှုလည်း ဖြစ်သော၊မြေခွေးတို့ ခဲစားအပ် သည်မှုလည်းဖြစ်သော၊ပိုးအမျိုးမျိုးတို့ ခဲစားအပ်သည် မှုလည်း ဖြစ်သော၊သင်းချိုင်း၌ စွန့်ပစ်ထားသော သူသေကောင်ကို မြင်ရာသကဲ့သို့ ထိုရဟန်းသည် ဤကိုယ်ကိုသာလျှင် "ဤငါ၏ ရုပ်အပေါင်းသည်လည်း ဤသို့သောသဘောရှိ၏။ ဤသို့သော သဘောဖြစ်လိမ့်မည်သာတည်း။ ဤသို့သော သဘောကိုမလွန် ဆန်နိုင်"ဟု နှိုင်းစာ၍ရှု၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌မှုလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ (ပ)ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ ရှိသည် ဖြစ်၍ နေ၏။

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် အသား အ သွေးရှိသေးသော အကြောတို့ဖြင့် ဖွဲ့ထားသော အရိုးဆက် လျက်ရှိသေးသော သင်းချိုင်း၌ စွန့်ပစ်အပ်သော သူသေကောင် ကိုမြင်ရာသကဲ့သို့(ပ)။

အသားကင်း၍ သွေးတို့ဖြင့် ပေကျံလျက် အကြောတို့ဖြင့် ဖွဲ့လျက်ရှိသော အရိုးဆက်လျက် ရှိသေး သော သင်းချိုင်း၌ စွန့်ပစ်အပ်သော သူသေကောင်ကို (ပ)။

အသားအသွေးကင်းလျက် အကြောတို့ဖြင့် ဖွဲ့ထားသော အရိုးစု ဖြစ်သော သင်းချိုင်း၌ စွန့်ပစ် အပ်သော သူသေကောင်ကို (ပ)။

တနေရာ၌ လက်ရိုး၊ တနေရာ၌ ခြေရိုး၊ တနေရာ၌ ခြေဖမျက်ရိုး၊ တနေရာ၌ မြင်းခေါင်းရိုး၊ တနေရာ၌ ပေါင်ရိုး၊ တနေရာ၌ခါးရိုး၊ တနေရာ၌နံရိုး၊ တနေရာ၌ ကျောက်ကုန်းရိုး၊ တနေရာ၌ ပခုံးရိုး၊ တနေရာ၌ လည်ပင်ရိုး၊ တနေရာ၌ မေးရိုး၊ တနေရာ၌ သွားရိုး၊ တနေရာ၌ ဦးခေါင်းခွံ အားဖြင့် ဖွဲ့ခြင်းကင်းကုန်လျက် ထိုထို အရပ်တို့၌ ကြဲပြန့်နေကုန်သော သင်းချိုင်း၌ စွန့်ပစ်အပ်သော အရိုးစု သူသေကောင် တို့ ကိုမြင် ရာ သ ကဲ့ သို့ ထိုရဟန်းသည် ဤကိုယ်ကိုသာလျှင် "ဤငါ၏ ရုပ် အ ပေါင်း သည်လည်း ဤသို့သော သဘောရှိ၏။ ဤသို့သော သဘောဖြစ်လိမ့်မည်သာတည်း။ ဤသို့သော ဘဘောကို မလွန်ဆန်နိုင်" ဟု ဤရုပ်အပေါင်းကိုသာလျှင် နှိုင်းစာ၍ ရှု၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်းရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေ၏၌ (ပ) ရဟန်းတို့၊ ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။

ရဟန်းတို့၊ တဖန် ထို့ပြင်လည်း ရဟန်းသည် ခရုသင်း အဆင်းနှင့်အတူ ဖြူဖွေးနေကုန်သော သင်းချိုင်း၌ စွန့်ပစ်အပ်ကုန်သော အရိုးစု သူသေကောင်တို့ကို မြင်ရာသကဲ့သို့ (ပ) နှစ်လွန်လျက် စုပုံနေသော သင်းချိုင်း၌ စွန့်ပစ်ထား အပ်သော အရိုးစု သူသေကောင်တို့ကို မြင်ရာသကဲ့သို့ (ပ) ဆွေးမြည့်လျက် အမှုန့်ဖြစ်ကုန်သော သင်းချိုင်း၌ စွန့်ပစ်ထားကုန်သော အရိုးစု

သူသေကောင်တို့ကို မြင်ရာသကဲ့သို့ ထိုရဟန်းသည်"ဤငါ၏ ရုပ်အပေါင်းသည်လည်း ဤသို့သော သဘောရှိ၏၊ ဤသို့သော သဘောဖြစ်လိမ့်မည်သာတည်း။ ဤသို့သော သဘောကို မလွန်ဆန်နိုင်"ဟု ဤရုပ်အပေါင်းကိုသာလျှင် နှိုင်းစာ၍ရှု၏။

ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။ သူတပါး၏ ရုပ်အပေါင်း၌မူလည်း၊ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏။ မိမိ သူတပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရုပ်အပေါင်း၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍မူလည်းနေ၏။ ရုပ်အပေါင်း၌ ပျက်ကြောင်းသဘောနှင့် ပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏။ ရုပ်အပေါင်း၌ ဖြစ်ကြောင်း ပျက်ကြောင်း တရားနှင့် ဖြစ်ခြင်း ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏၊ထို့ပြင် ရုပ်အပေါင်းသည်သာလျှင် ရှိ၏ဟု ထိုရဟန်းအား သတိသည်ဖြေရှုထင်၏။(ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ်တိုးပွားခြင်းငှာသာဖြစ်၏။ အဆင့်ဆင့် သတိတဖန် တိုးပွားခြင်းငှာသာဖြစ်၏၊(ထိုရဟန်းသည် တဏှာ ဒိဋ္ဌိတို့ဖြင့်)မမှီမတွယ်မူ၍လည်း နေ၏။လောက၌ တစုံတရာကိုမျှလည်း(ငါ ငါ၏ဥစ္စာ)ဟု စွဲလည်းမစွဲလမ်း၊ရဟန်းတို့ဤသို့လည်း ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကိုအကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေ၏။

**သုသေကောင်ကိုးမျိုးကို ဆင်ခြင်ခြင်းအပိုင်းပြီး၏။**
**ရုပ်အပေါင်းကို ဆင်ခြင်ခြင်း တဆယ့်လေးပါး ပြီး၏။**

## ဝေဒနာကိုဆင်ခြင်ခြင်းကိုးပါး။

ရဟန်းတို့အဘယ်သို့လျှင် ရဟန်းသည် ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ရဟန်းသည်သုခဝေဒနာကိုခံစားလျှင်လည်း "သုခဝေဒနာကိုခံစားသည်" ဟုသိ၏။ ဒုက္ခဝေဒနာကို ခံစားလျှင်လည်း "ဒုက္ခဝေဒနာကို ခံစားသည်" ဟုသိ၏။ အဒုက္ခမသုခ ဝေဒနာကို ခံစားလျှင်လည်း "အဒုက္ခ မသုခဝေဒနာကို ခံစားသည်" ဟု သိ၏။

ကာမဂုဏ်နှင့်စပ်သောချမ်းသာသော ဝေဒနာကိုခံစားလျှင်လည်း "ကာမဂုဏ်နှင့်စပ်သော ချမ်းသာသော ဝေဒနာကိုခံစားသည်" ဟုသိ၏။ ကာမဂုဏ်နှင့်မစပ်သော ချမ်းသာသောဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့်မစပ်သော ချမ်းသာသော ဝေဒနာကို ခံစားသည်" ဟုသိ၏။ ကာမဂုဏ်နှင့် စပ်သော ဆင်းရဲသော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့် စပ်သော ဆင်းရဲသော ဝေဒနာကိုခံစားသည်" ဟုသိ၏။ ကာမဂုဏ်နှင့် မစပ်သော ဆင်းရဲသော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့်မစပ်သော ဆင်းရဲသော ဝေဒနာကိုခံစားသည်" ဟုသိ၏။ ကာမဂုဏ်နှင့်စပ်သော ဆင်းရဲမဟုတ်၊ ချမ်းသာမဟုတ်သော ဝေဒနာကို ခံစားလျှင်လည်း "ကာမဂုဏ်နှင့်မစပ်သော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သော ဝေဒနာကိုခံစား သည် ဟု သိ၏။ ကာမဂုဏ် မစပ်သော ဆင်းရဲမဟုတ် ချမ်းသာ

မဟုတ်သော ဝေဒနာကိုခံစားလျှင်လည်း "ကာမဂုဏ်မစပ်သော ဆင်းရဲမဟုတ် ချမ်းသာမဟုတ်သောဝေဒနာကိုခံစားသည်" ဟု သိ၏။

ဤသို့မိမိ၏ဝေဒနာတို့၌မူလည်း ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။ သူတပါး၏ ဝေဒနာတို့၌ မူလည်း ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။ မိမိ သူတပါး၏ ဝေဒနာတို့၌ မူလည်း ဝေဒနာ တို့ကို အကြိမ်ကြိမ် ရှုလေ့ ရှိ သည် ဖြစ် ၍ နေ ၏။ ဝေ ဒ နာ တို့ ၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍မူလည်း နေ၏။ ဝေဒနာတို့၌ ပျက်ကြောင်းတရား နှင့် ပျက် ခြင်း သဘောကို အ ကြိမ် ကြိမ် ရှု လေ့ ရှိသည် ဖြစ်၍မူလည်း နေ၏။ ဝေဒနာတို့၌ ဖြစ်ကြောင်း ပျက်ကြောင်း တရားနှင့် ဖြစ်ခြင်း ပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍မူလည်း နေ၏။ ထို့ပြင် "ဝေဒနာသည် သာလျှင် ရှိ၏" ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ (ထိုသတိ သည်) အဆင့်ဆင့် အသိဉာဏ် တိုးပွားခြင်းငှါ သာဖြစ်၏။ အဆင့်ဆင့် သတိတဖန် တိုးပွါးခြင်းငှါ သာဖြစ်၏။ (ထိုရဟန်း သည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏။ လောက၌ တစုံတရာကို မူလည်း (ငါ-ငါ၏ဥစ္စာဟု) စွဲလည်း မစွဲလမ်း၊ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ဝေဒနာတို့၌ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

**ဝေဒနာကို ဆင်ခြင်ခြင်း ကိုးပါးပြီး၏။**

## စိတ်ကိုဆင်ခြင်ခြင်း တဆယ့်ခြောက်ပါး

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် စိတ်၌ စိတ်ကိုအကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ရဟန်းသည် ရာဂနှင့်တကွသော စိတ်ကိုလည်း ရာဂနှင့်တကွသော စိတ်ဟုသိ၏။ ရာဂ ကင်းသောစိတ်ကိုလည်း "ရာဂကင်းသောစိတ်" ဟု သိ၏။ ဒေါသနှင့် တကွသော စိတ်ကိုလည်း "ဒေါသနှင့်တကွသောစိတ်" ဟုသိ၏။ ဒေါသကင်းသော စိတ်ကိုလည်း "ဒေါသကင်းသောစိတ်" ဟုသိ၏။ မောဟနှင့် တကွသော စိတ်ကိုလည်း 'မောဟနှင့်တကွသောစိတ်' ဟု သိ၏။ မောဟကင်းသောစိတ်ကိုလည်း "မောဟကင်းသော စိတ်" ဟု သိ၏။ သံခိတ္တစိတ်ကိုလည်း "သံခိတ္တစိတ်" ဟုသိ၏။ ဝိက္ခိတ္တစိတ်ကိုလည်း ဝိက္ခိတ္တစိတ်ဟုသိ၏။ မဟဂ္ဂုတ်စိတ်ကိုလည်း "မဟဂ္ဂုတ်စိတ်" ဟုသိ၏။ အမဟဂ္ဂုတ်စိတ်ကိုလည်း "အမဟဂ္ဂုတ် စိတ်" ဟု သိ၏။ သဉတ္တရစိတ်ကိုလည်း သဉတ္တရစိတ် ဟု သိ၏။ အနုတ္တရစိတ်ကိုလည်း အနုတ္တရ စိတ် ဟု သိ၏။ သမာဟိတ စိတ် ကို လည်း "သမာဟိတ စိတ်" ဟု သိ၏။ အသမာဟိတ စိတ် ကို လည်း "အသမာဟိတစိတ်" ဟု သိ၏။ ဝိမုတ္တစိတ်ကိုလည်း "ဝိမုတ္တစိတ်" ဟုသိ၏။ အဝိမုတ္တစိတ်ကိုလည်း "အဝိမုတ္တစိတ်" ဟုသိ၏။

ဤသို့ မိမိ၏ စိတ်၌မူလည်း စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတပါး၏ စိတ်၌မူလည်း စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ မိမိသူတပါး၏ စိတ်၌မူလည်း စိတ်ကိုအကြိမ်ကြိမ် ရှုလေ့ ရှိသည် ဖြစ်၍နေ၏။ စိတ်၌ ဖြစ်

ကြောင်း တရားနှင့် ဖြစ်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍ မှုလည်း နေ၏။ စိတ်၌ပျက်ကြောင်းတရားနှင့် ပျက်ခြင်း သဘောကိုအကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မှုလည်းနေ၏။ စိတ်၌ဖြစ်ကြောင်း ပျက်ကြောင်း တရားနှင့် ဖြစ်ခြင်းပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍ မှုလည်း နေ၏။ ထို့ပြင် "စိတ်သည်သာလျှင်ရှိ၏" ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွါးခြင်းငှါသာ ဖြစ်၏။ အဆင့်ဆင့် သတိတဖန် တိုးပွါးခြင်းငှါသာ ဖြစ်၏။ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏။ လောက၌ တစုံတရာကိုမျှလည်း (ငါ-ငါ၏ဥစ္စာဟု)စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည်စိတ်၌ စိတ်ကို အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။

စိတ်ကို ဆင်ခြင်ခြင်း တဆယ့်ခြောက်ပါး ပြီး၏။

..........)း၀း(..........

## သဘောတရားကို ဆင်ခြင်ခြင်း ငါးပါး
## နီဝရဏတရား ငါးပါးကို ဆင်ခြင်ခြင်း အပိုင်း

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် သဘောတရားတို့၌ သဘော တရားတို့ကို အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် နီဝရဏ ငါးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။

ရဟန်းတို့ အဘယ် သို့လျှင် ရဟန်းသည် နီဝရဏ ငါးပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍ နေသနည်း။ ရဟန်းတို့ ဤသာသနာ တော်၌ ရဟန်းသည် အတွင်းသန္တာန်၌ ကာမစ္ဆန္ဒရှိလျှင်လည်း "ငါ၏ အတွင်းသန္တာန်၌ ကာမစ္ဆန္ဒရှိသည်" ဟုသိ၏။ အတွင်းသန္တာန် ၌ ကာမစ္ဆန္ဒ မရှိလျှင်လည်း "ငါ၏အတွင်းသန္တာန်၌ ကာမစ္ဆန္ဒ မရှိ" ဟုသိ၏။ မဖြစ်သေးသော ကာမစ္ဆန္ဒ ဖြစ်ကြောင်း ကို လည်း သိ၏။ ဖြစ်ပြီးသော ကာမစ္ဆန္ဒ၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော ကာမစ္ဆန္ဒ၏ နောင်အခါ မဖြစ်ပေါ် ကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဗျာပါဒရှိလျှင်လည်း "ငါ၏သန္တာန်၌ဗျာပါဒ ရှိသည်" ဟုသိ၏။ မိမိသန္တာန်၌ ဗျာပါဒ မရှိလျှင်လည်း "ငါ၏ အတွင်းသန္တာန်၌ ဗျာပါဒ မရှိ" ဟုသိ၏။ မဖြစ်သေးသော ဗျာ ပါဒ၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ဗျာပါဒ၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော ဗျာပါဒ၏ နောင် အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ထိနမိဒ္ဓရှိလျှင်လည်း "ငါ၏သန္တာန်၌ ထိနမိဒ္ဓ ရှိသည်" ဟုသိ၏။ မိမိသန္တာန်၌ ထိနမိဒ္ဓ မရှိလျှင်လည်း "ငါ၏ သန္တာန်၌ ထိနမိဒ္ဓ မရှိ" ဟုသိ၏။ မဖြစ်သေးသော ထိနမိဒ္ဓ၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသောထိနမိဒ္ဓ၏ပယ်ကြောင်း ကိုလည်း သိ၏။ ပယ်ပြီးသော ထိနမိဒ္ဓ၏ နောင်အခါ မဖြစ် ပေါ်ကြောင်းကိုလည်းသိ၏။

မိမိသန္တာန်၌ ဥဒ္ဓစ္စ ကုက္ကုစ္စရှိလျှင်လည်း "ငါ၏ သန္တာန်၌ ဥဒ္ဓစ္စ ကုက္ကုစ္စရှိသည်" ဟုသိ၏။ မိမိသန္တာန်၌ ဥဒ္ဓစ္စကုက္ကုစ္စမရှိ

လျှင်လည်း "ငါ၏သန္တာန်၌ ဥဒ္ဒစ္စကုက္ကုစ္စမရှိ" ဟု သိ၏။ မဖြစ်သေးသော ဥဒ္ဒစ္စကုက္ကုစ္စ ဖြစ်ကြောင်း ကိုလည်း သိ၏၊ ဖြစ်ပြီးသော ဥဒ္ဒစ္စကုက္ကုစ္စ၏ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသောဥဒ္ဒစ္စကုက္ကုစ္စ၏ နောင်အခါ မဖြစ် ကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဝိစိကိစ္ဆာရှိလျှင်လည်း "ငါ၏ သန္တာန်၌ ဝိစိကိစ္ဆာရှိ၏" ဟုသိ၏။ မိမိ၏သန္တာန်၌ဝိစိကိစ္ဆာ မရှိလျှင်လည်း "ငါ၏သန္တာန်၌ ဝိစိကိစ္ဆာမရှိ" ဟုသိ၏။ မဖြစ်သေးသော ဝိစိကိစ္ဆာ၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ဝိစိကိစ္ဆာ၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော ဝိစိကိစ္ဆာ၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

ဤသို့ မိမိ၏ သဘောတရား တို့၌ မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍ နေ၏၊ သူတပါး၏ သဘောတရားတို့၌ မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏၊ မိမိသူတပါး၏ သဘောတရား တို့၌ မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။ သဘောတရားတို့၌ ပျက်ကြောင်းတရားနှင့်ပျက်ခြင်းသဘောကိုအကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။ သဘော တရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်း သဘောကို အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍ မူလည်း နေ၏။ ထို့ပြင် "သဘောတရားတို့သည်သာလျှင် ရှိကုန်၏" ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိ

ဉာဏ်တိုးပွါး ခြင်းငှါသာ ဖြစ်၏။ အဆင့်ဆင့် သတိတဖန် တိုးပွားခြင်းငှါသာဖြစ်၏၊ (ထိုရဟန်းသည် တဏှာဒိဋ္ဌိ)တို့ဖြင့် မမှီမတွယ်မူ၍သည်းနေ၏။ လောက၌ တစုံတရာကိုမျှလည်း (ငါ ငါ၏ဉစ္စာဟု)စွဲလည်း မစွဲသမ်း၊ရဟန်းတို့ ဤသို့လည်း ရဟန်းသည် သဘောတရားတို့၌ သဘောတရားဟုအကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။

## ခန္ဓာငါးပါးကို ဆင်ခြင်ခြင်း အပိုင်း

ရဟန်းတို့ တဖန် ထို့ ပြင် လည်း ရ ဟန်းသည် ဉပါဒါ နက္ခန္ဓာငါးပါး သဘောတရားတို့၌၊ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုသေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ဉပါဒါ နက္ခန္ဓာ ငါးပါး သ ဘော တ ရား တို့ ၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ ရှိသည် ဖြစ်၍ နေသ နည်း။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဤကား ရုပ်တည်း၊ ဤကား ရုပ်၏ဖြစ်ကြောင်းတည်း၊ ဤကား ရုပ်၏ ချုပ်ရာတည်း။ ဤကား ဝေဒနာတည်း။ဤကား ဝေဒနာ၏ဖြစ် ကြောင်းတည်း။ ဤကား ဝေဒနာ၏ချုပ်ရာတည်း။ ဤကား သညာတည်း။ ဤကား သညာ၏ ဖြစ်ကြောင်းတည်း။ဤကား သညာ၏ ချုပ်ရာတည်း။ ဤသည်တို့ကား သင်္ခါရ တို့တည်း။ ဤကား သင်္ခါရတို့၏ ဖြစ်ကြောင်းတည်း။ ဤကား သင်္ခါရ တို့၏ ချုပ်ရာတည်း။ ဤကား ဝိညာဏ်တည်း၊ ဤကား ဝိ ညာဏ် ၏ ဖြစ် ကြောင်း တည်း။ ဤ ကား ဝိ ညာဏ် ၏ ချုပ်ရာတည်း ဟု ရှုလေ့ ရှိသည် ဖြစ်၍ နေ၏။ ဤသို့ မိမိ၏ သဘောတရားတို့၌မူ လည်း သဘောတရားတို့ကို အကြိမ်ကြိမ်

ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတပါး၏ သဘောတရားတို့၌မှုလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ မိမိ သူတပါး၏ သဘောတရားတို့၌မှုလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သဘောတရား၌ ဖြစ်ကြောင်း တရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ မှုလည်း နေ၏။ သဘောတရားတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မှုလည်း နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်းတရားနှင့် ဖြစ်ခြင်း ပျက်ခြင်း သဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍မှုလည်း နေ၏။ ထို့ပြင် "သဘောတရားတို့သည်သာလျှင် ရှိကုန်၏" ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွားခြင်းငှာသာ ဖြစ်၏။ အဆင့်ဆင့် သတိ တဖန် တိုးပွားခြင်းငှာသာဖြစ်၏။ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏။ လောက၌ တစုံတရာကိုမျှလည်း- (ငါ-ငါ၏ ဥစ္စာ ဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ဤသို့လည်း ရဟန်းသည် သဘောတရားတို့၌ သဘောတရား ဟု အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။

## အာယတန တဆယ့်နှစ်ပါးကို ဆင်ခြင်ခြင်း အပိုင်း

ရဟန်းတို့၊ တဖန် ထို့ပြင်လည်း ရဟန်းသည် ခြောက်ပါးသော အတွင်းအပ အာယတန သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့

အဘယ်သို့လျှင် ရဟန်းသည် ခြောက်ပါးသော အတွင်း အပ အာယတန သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မျက်စိကိုလည်း သိ၏။ အဆင်းတို့ကိုလည်း သိ၏။ ထိုနှစ်ပါးစုံကို စွဲ၍ သံယောဇဉ်ဖြစ်ခြင်းကိုလည်း သိ၏။ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

နားကိုလည်း သိ၏။ အသံကိုလည်း သိ၏။ ထိုနှစ်ပါး စုံကို စွဲ၍ သံယောဇဉ် ဖြစ်ခြင်းကိုလည်း သိ၏။ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

နှာခေါင်းကိုလည်း သိ၏။ အနံ့တို့ကိုလည်း သိ၏။ ထိုနှစ်ပါးစုံကို စွဲ၍ သံယောဇဉ်ဖြစ်ခြင်းကိုလည်း သိ၏။ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

လျှာကိုလည်း သိ၏။ အရသာတို့ကိုလည်း သိ၏။ ထိုနှစ်ပါးစုံကို စွဲ၍ သံယောဇဉ်ဖြစ်ခြင်းကိုလည်း သိ၏။ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော

သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

ကိုယ်ကိုလည်း သိ၏။ အတွေ့အထိတို့ကိုလည်း သိ၏။ ထိုနှစ်ပါးစုံကို စွဲ၍ သံယောဇဉ် ဖြစ်ခြင်းကိုလည်း သိ၏။ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါမဖြစ်ကြောင်းကိုလည်း သိ၏။

စိတ်ကိုလည်း သိ၏။ သဘောတရားတို့ကိုလည်း သိ၏။ ထိုနှစ်ပါးစုံကိုစွဲ၍ သံယောဇဉ်ဖြစ်ခြင်းကိုလည်း သိ၏။ မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ကြောင်းကိုလည်းသိ၏။ ဖြစ်ပြီးသော သံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏။ ပယ်ပြီးသော သံယောဇဉ်၏ နောင်အခါ မဖြစ်ကြောင်းကိုလည်း သိ၏။

ဤသို့ မိမိ၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏။ သူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။မိမိ သူတပါး၏ သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍မူလည်း နေ၏။ သဘောတရားတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ မူလည်း နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်း၊ ပျက်ကြောင်းတရားနှင့်၊ ဖြစ်ခြင်း၊ ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ မူလည်း နေ၏။ ထို့ပြင် "သဘောတရားသည်သာလျှင် ရှိကုန်၏-"ဟု

ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွားခြင်းငှာသာ ဖြစ်၏။ (ထိုရဟန်းသည် တဏှာ ဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်း နေ၏။ လောက၌ တစုံတရာကိုမျှလည်း (ငါ-ငါ၏ ဉစ္စာဟု )စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း၊ရဟန်းသည် ခြောက်ပါးသော အတွင်း အပ အာယတန သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ နေ၏။

## ဗောဇ္ဈင် ခုနစ်ပါးကို ဆင်ခြင်ခြင်း အပိုင်း

ရဟန်းတို့၊တဖန်ထို့ပြင်လည်းရဟန်းသည် ဗောဇ္ဈင်ခုနစ်ပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ အဘယ်သို့လျှင် ရဟန်း သည် ဗောဇ္ဈင် ခုနစ်ပါး သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေသနည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မိမိ သန္တာန်၌ သတိ သမ္ဗောဇ္ဈင် "ရှိလျှင် လည်း ငါ၏ သန္တာန်၌ သတိ သမ္ဗောဇ္ဈင်ရှိသည်-" ဟု သိ၏။မိမိသန္တာန်၌ သတိမ္ဗောဇ္ဈင်မရှိလျှင်လည်း- "ငါ၏ သန္တာန်၌ သတိသမ္ဗောဇ္ဈင်မရှိ-"ဟု သိ၏။ မဖြစ်သေးသော သတိသမ္ဗောဇ္ဈင်၏ ဖြစ် ကြောင်း ကို လည်း သိ၏။ ဖြစ်ပြီးသော သတိသမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှာ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်ရှိလျှင်လည်း "ငါ၏သန္တာန်၌ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ရှိသည်" ဟု သိ၏။ မိမိသန္တာန်၌ဓမ္မဝိစယ သမ္ဗောဇ္ဈင် မရှိလျှင်လည်း "ငါ၏သန္တာန်၌ဓမ္မဝိစယသမ္ဗောဇ္ဈင် မရှိ" ဟုသိ၏။ မဖြစ်သေးသော ဓမ္မဝိစယ သမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှါ ပြည့်စုံခြင်း၏အကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဝီရိယ သမ္ဗောဇ္ဈင်ရှိလျှင်လည်း "ငါ၏သန္တာန်၌ ဝီရိယသမ္ဗောဇ္ဈင် ရှိသည်" ဟုသိ၏။ မိမိသန္တာန်၌ ဝီရိယ သမ္ဗောဇ္ဈင် မရှိလျှင်လည်း "ငါ၏သန္တာန်၌ ဝီရိယ သမ္ဗောဇ္ဈင် မရှိ" ဟုသိ၏။ မဖြစ် သေးသော ဝီရိယ သမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော ဝီရိယသမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှါ ပြည့်စုံခြင်း၏အကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ပီတိသမ္ဗောဇ္ဈင်ရှိလျှင်လည်း "ငါ၏သန္တာန်၌ ပီတိသမ္ဗောဇ္ဈင်ရှိသည်" ဟုသိ၏။ မိမိသန္တာန်၌ ပီတိသမ္ဗောဇ္ဈင် မရှိလျှင်လည်း "ငါ၏သန္တာန်၌ ပီတိသမ္ဗောဇ္ဈင်မရှိ" ဟု သိ၏။ မဖြစ်သေးသော ပီတိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်းသိ၏။ ဖြစ်ပြီးသော ပီတိသမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှါ ပြည့်စုံခြင်း၏ အကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ပဿဒ္ဓိ သမ္ဗောဇ္ဈင် ရှိလျှင်လည်း "ငါ၏ သန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်ရှိသည်" ဟုသိ၏။ မိမိသန္တာန်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင် မရှိလျှင်လည်း "ငါ၏ သန္တာန်၌ ပဿဒ္ဓိ သမ္ဗောဇ္ဈင်မရှိ" ဟုသိ၏။ မဖြစ်သေးသော ပဿဒ္ဓိသမ္ဗောဇ္ဈင် ၏ ဖြစ်ကြောင်း ကိုလည်း သိ၏။ ဖြစ်ပြီးသော ပဿဒ္ဓိ သမ္ဗောဇ္ဈင်ကိုပွားစေခြင်းငှါ ပြည့်စုံခြင်း၏အကြောင်း ကိုလည်း သိ၏။

မိမိသန္တာန်၌သမာဓိသမ္ဗောဇ္ဈင်ရှိလျှင်လည်း"ငါ၏သန္တာန်၌ သမာဓိသမ္ဗောဇ္ဈင် ရှိသည်' ဟုသိ၏။ မိမိသန္တာန်၌ သမာဓိသမ္ဗောဇ္ဈင်မရှိလျှင်လည်း "ငါ၏သန္တာန်၌ သမာဓိသမ္ဗောဇ္ဈင်မရှိ' ဟုသိ၏။ မဖြစ်သေးသော သမာဓိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏။ ဖြစ်ပြီးသော သမာဓိသမ္ဗောဇ္ဈင် ကိုလည်းသိ၏။ ဖြစ်ပြီးသော သမာဓိသမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှါ ပြည့်စုံခြင်း၏အကြောင်းကိုလည်း သိ၏။

မိမိသန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင် ရှိလျှင်လည်း "ငါ၏ သန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင်ရှိသည်" ဟုသိ၏။ မိမိသန္တာန်၌ ဥပေက္ခာသမ္ဗောဇ္ဈင်မရှိလျှင်လည်း "ငါ၏သန္တာန်၌ ဥပေက္ခာ သမ္ဗောဇ္ဈင်မရှိ" ဟု သိ၏။ မဖြစ်ပေါ် သေးသော ဥပေက္ခာ သမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်း ကိုလည်း သိ၏။ ဖြစ်ပြီးသော ဥပေက္ခာသမ္ဗောဇ္ဈင်ကိုပွါးစေခြင်းငှါ ပြည့်စုံခြင်း၏အကြောင်း ကိုလည်း သိ၏။

ဤသို့မိမိ၏သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ သူတပါး၏ သဘောတရားတို့၌မူလည်းသဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍နေ၏။မိမိသူတပါး၏သဘောတရားတို့၌မူလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်းသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ မူလည်းနေ၏။ သဘော တရားတို့၌ ပျက်ကြောင်း တရားနှင့် ပျက်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း နေ၏။ သဘောတရားတို့၌ ဖြစ်

ကြောင်း ပျက်ကြောင်းတရားနှင့်၊ ဖြစ်ခြင်း ပျက်ခြင်း သဘော ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ မူလည်းနေ၏။ ထို့ပြင် "သဘောတရားတို့သည်သာလျှင် ရှိကုန်၏" ဟု ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။ (ထိုသတိသည်) အဆင့်ဆင့် အသိ ဉာဏ် တိုးပွားခြင်းငှါသာဖြစ်၏။ အဆင့်ဆင့်သတိ တဖန် တိုး ပွားခြင်းငှါသာဖြစ်၏။ (ထိုရဟန်းသည် တဏှာဒိဋ္ဌိတို့ဖြင့်) မမှီ မတွယ်မူ၍လည်း နေ၏။ လောက၌ တစုံတရာကိုမျှလည်း (ငါ-ငါ၏ဥစ္စာဟု) စွဲလည်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လည်း ရဟန်း သည် သဘောတရားတို့၌ သဘောတရား တို့ကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍နေ၏။ ရဟန်းတို့ ဤသို့လည်း ရဟန်းသည် ဗောဇ္ဈင် ခုနစ်ပါး သဘောတရားတို့၌ သဘော တရားတို့ကို အကြိမ်ကြိမ် ရှုလေ့ ရှိသည်ဖြစ်၍ နေ၏။

ဗောဇ္ဈင်ခုနစ်ပါးကို ဆင်ခြင်ခြင်းအပိုင်းပြီး၏။

............)း၀း(............

## သစ္စာလေးပါးကို ဆင်ခြင်ခြင်းအပိုင်း

ရဟန်းတို့ တဖန် ထို့ပြင်လည်း ရဟန်းသည် အရိယ သစ္စာလေးပါး သဘောတရားတို့၌ သဘောတရားဟု အကြိမ် ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ရဟန်းတို့ အဘယ် သို့လျှင် ရဟန်းသည် အရိယ သစ္စာလေးပါး သဘောတရား တို့၌ သဘောတရားဟု အကြိမ်ကြိမ်ရှုလေ့ ရှိသည်ဖြစ်၍နေသနည်း။

ရဟန်းတို့ ဤသာသနာ၌တော်၌ ရဟန်းသည် "ဤကား ဒုက္ခတည်း" ဟု ဟုတ်မှန်သည့်အတိုင်းသိ၏။ "ဤကား ဒုက္ခဖြစ်ကြောင်းတည်း"ဟု ဟုတ်မှန်သည့် အတိုင်းသိ၏။ "ဤကား ဒုက္ခချုပ်ရာတည်း"ဟု ဟုတ်မှန်သည့် အတိုင်းသိ၏။ "ဤကား ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတည်း–" ဟု ဟုတ်မှန်သည့်အတိုင်း သိ၏။

**ပဋ္ဌမ အခဏ်း ပြီး၏။**

..........)း၀း(..........

# ဒုက္ခ အရိယ သစ္စာ

ရဟန်းတို့ ဒုက္ခ သစ္စာဟူသည် အဘယ်နည်း။ ဇာတိသည်လည်း ဒုက္ခတည်း။ ဇရာသည်လည်း ဒုက္ခတည်း။ မရဏ သည်လည်း ဒုက္ခတည်း။ သောကပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသတို့သည်လည်း ဒုက္ခတို့တည်း။ မချစ်ခင် မနှစ်လိုဖွယ်တို့နှင့် တွေ့ဆုံ ပေါင်းသင်းရခြင်းသည်လည်း ဒုက္ခတည်း။ ချစ်နှစ်လိုဖွယ်တို့နှင့် ကွဲကွာကွေကွင်းရခြင်းသည်လည်း ဒုက္ခတည်း။အလိုရှိသည်ကို မရခြင်းသည်လည်း ဒုက္ခတည်း။ အကျဉ်းချုပ်အားဖြင့် ဥပါဒါ နက္ခန္ဓာငါးပါးတို့သည် ဒုက္ခတို့တည်း။

ရဟန်းတို့ ဇာတိသည် အဘယ်နည်း။ ထိုထို သတ္တဝါတို့၏ ထိုထိုသတ္တဝါ အစုအပေါင်း၌ ရှေးဦးစွာဖြစ်ခြင်း ပြည့်စုံစွာ ဖြစ်ခြင်း (အမိဝမ်း ဘွင်း ဥဒ္ဒ တွင်းသို့)သက်ဝင်ခြင်း၊ ကိုယ်ထင်

ရှားဖြစ်ခြင်း၊ ခန္ဓာတို့၏ ထင်ရှားဖြစ်ခြင်း၊ အာယတနတို့ကို ရခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို ဇာတိ ဟူ၍ ဆို အပ်၏။

ရဟန်းတို့ ဇရာသည် အဘယ်နည်း၊ ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါ အပေါင်း၌ အိုခြင်း၊ အိုသော အခြင်း အရာ၊ သွားကျိုးခြင်း၊ ဆံဖြူခြင်း၊ အရေတွန့်ရှုံ့ခြင်း၊ ရုပ်အသက် ဆုတ်ယုတ်ခြင်း (မျက်စိစသော) ဣန္ဒြေတို့၏ ရင့်ခြင်းတည်း။ ရဟန်းတို့ ဤတရား သဘောကို ဇရာဟူ၍ ဆိုအပ်၏။

ရဟန်းတို့ မရဏသည်အဘယ်နည်း။ ထိုထိုသတ္တဝါတို့၏ထိုထို သတ္တဝါ အပေါင်းမှ ရွေ့လျောခြင်း၊ ရွေ့လျောသော အခြင်း အရာ ပျက်စီးခြင်း၊ ကွယ်ပျောက်ခြင်း၊ သတ်ဖြတ် သေဆုံး ခြင်း၊ ကွယ်လွန်ခြင်း၊ ခန္ဓာတို့၏ပျက်စီးခြင်း၊ ကိုယ်ကိုပစ်ချခြင်း ဇီဝိတိန္ဒြေ၏ ပြတ်စဲခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို မရဏဟူ၍ ခေါ်ဆိုအပ်၏။

ရဟန်းတို့ သောကသည် အဘယ်နည်း။ ရဟန်းတို့တမျိုး မျိုးသော ပျက်စီးခြင်းနှင့် မလွတ်ကင်းသော တမျိုးမျိုးသော ဆင်းရဲကြောင်းနှင့် တွေ့သော သတ္တဝါ၏ စိုးရိမ်ခြင်း၊ စိုးရိမ် သော အခြင်းအရာ၊ စိုးရိမ်သည့် အဖြစ်အတွင်း၌ စိုးရိမ်ခြင်း အတွင်း၌ ပြင်းစွာ စိုးရိမ်ခြင်းတည်း။ ရဟန်းတို့ ဤတရား သဘောကို သောက ဟူ၍ ခေါ်ဆိုအပ်၏။

ရဟန်းတို့ ပရိဒေဝသည် အဘယ်နည်း။ ရဟန်းတို့ တမျိုး မျိုးသော ပျက်စီးခြင်းနှင့် မလွတ်ကင်းသော တမျိုးမျိုးသော ဆင်းရဲကြောင်းနှင့် တွေ့သော သတ္တဝါ၏ ငိုကြွေးခြင်း၊ ပြင်းစွာ ငိုကြွေးခြင်း၊ ငိုကြွေးသော အခြင်းအရာ၊ ပြင်းစွာ ငိုကြွေးသော

အခြင်း အရာ၊ ငိုကြွေးသည်၏ အဖြစ်၊ ပြင်းစွာ ငိုကြွေးသည်၏ အဖြစ်တည်း။ ရဟန်းတို့ ဤတရားသဘောကို ပရိဒေဝ ဟူ၍ ခေါ်ဆိုအပ်၏။

ရဟန်းတို့ ဒုက္ခသည် အဘယ်နည်း။ ရဟန်းတို့ ကိုယ်၌ ဖြစ်သော ဆင်းရဲ၊ ကိုယ်၌ ဖြစ်သော မသာယာခြင်း၊ ကိုယ်အတွေ့ကြောင့်ဖြစ်သော ဆင်းရဲ မသာယာသော ခံစားခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို ဒုက္ခ ဟူ၍ ခေါ်ဆိုအပ်၏။

ရဟန်းတို့ ဒေါမနဿသည် အဘယ်နည်း။ ရဟန်းတို့ စိတ်၌ ဖြစ်သော ဆင်းရဲ၊ စိတ်၌ဖြစ်သော မသာယာခြင်း၊ စိတ်အတွေ့ကြောင့် ဖြစ်သော ဆင်းရဲ မသာယာသော ခံစားခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို ဒေါမနဿ ဟူ၍ ခေါ်ဆိုအပ်၏။

ရဟန်းတို့ ဥပါယာသသည် အဘယ်နည်း။ ရဟန်းတို့ တမျိုးမျိုးသော ပျက်စီးခြင်းနှင့် မလွတ်ကင်းသော တမျိုးမျိုးသော ဆင်းရဲခြင်း၏အကြောင်းနှင့် တွေ့ကြုံသော သတ္တဝါ၏ ပင်ပန်းခြင်း၊ ပြင်းစွာ ပင်ပန်းခြင်း၊ ပင်ပန်းသည်၏ အဖြစ်တည်း။ ရဟန်းတို့ ဤတရား သဘောကို ဥပါယာသ ဟူ၍ ခေါ်ဆိုအပ်၏။

ရဟန်းတို့ မချစ် မနှစ်လိုဖွယ်တို့နှင့် တွေ့ဆုံ ပေါင်းသင်းရခြင်း၊ ဆင်းရဲသည် အဘယ်နည်း။ ဤလောက၌ မလိုလား မနှစ်သက် မမြတ်နိုးအပ်ကုန်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ သဘော တရားတို့သော်၎င်း၊ အကျိုးမဲ့ခြင်း၊ အစီးအပွားမဲ့ခြင်း၊ မချမ်းသာခြင်း၊ ဘေးမငြိမ်းခြင်းကို လိုလားကုန်သော သူတို့သော်၎င်း၊ ထိုသူအား ရှိကုန်၏။ ထို(အာရုံ သတ္တဝါ)တို့နှင့်တကွ တွေ့ရခြင်း၊ ဆုံရခြင်း၊ ပေါင်းဖေါ်ရခြင်း၊

ရောနှောရခြင်းတည်း။ ရဟန်းတို့ ဤတရားသဘောကို မချစ်မနှစ်လိုဖွယ်တို့နှင့် တွေ့ဆုံ ပေါင်း သင်း ရခြင်း၊ ဆင်းရဲ ဟူ၍ ခေါ်ဆို အပ်၏။

ရဟန်းတို့ ချစ်နှစ်လိုဖွယ်တို့နှင့် ကွေကွင်း ကွဲကွာရခြင်း၊ ဆင်းရဲသည် အဘယ်နည်း။ ဤလောက၌ လိုလား နှစ်သက်မြတ်နိုး အပ်ကုန်သော အဆင်း၊ အသံ၊ အနံ့၊ အရသာအထိ သဘောတရားတို့သော်၎င်း၊ အကျိုး အစီး အပွား ချမ်းသာခြင်း၊ ဘေးကင်းခြင်းကို လိုလားကုန်သော အမိ-အဖ-ညီအကို-နှမ-အမ-မိတ်ဆွေ အပေါင်း အဖေါ် ဆွေမျိုး သားခြင်းတို့သော်၎င်း၊ ထိုသူအားရှိကုန်၏။ထို(အာရုံသတ္တဝါ)တို့နှင့် မတွေ့ရခြင်း၊ မဆုံရခြင်း၊ မပေါင်းဖေါ်ရခြင်း၊ မရောနှောရခြင်းတည်း။ရဟန်းတို့ ဤတရားသဘောကို ချစ်ခင်သော သူတို့နှင့် ကွေကွင်းရခြင်း၊ ဆင်းရဲ ဟူ၍ ခေါ်ဆိုအပ်၏။

ရဟန်းတို့ အလိုရှိသည်ကို မရခြင်း၊ ဆင်းရဲသည် အဘယ်နည်း။ ရဟန်းတို့ ဇာတိ သဘောရှိကုန်သော သတ္တဝါတို့အား "ငါတို့သည် ဇာတိသဘော မရှိကြကုန်မူကောင်းလေစွ၊ ဇာတိသည် ငါတို့ထံသို့ မလာမူကား ကောင်းလေစွ" ဟု ဤသို့သော တောင့်တခြင်းသည် ဖြစ်ပေါ်၏။ သို့တောင့်တသော်လည်း- ဤ(ဇာတိမလာခြင်း)ကို တောင့်တခြင်းဖြင့် မရအပ်။ဤသည်လည်း အလိုရှိသည်ကို မရခြင်း၊ ဆင်းရဲမည်၏။ ရဟန်းတို့ ဇရာသဘောရှိကုန်သော သတ္တဝါတို့အား ငါတို့သည် ဇရာသဘော မရှိကြကုန်မူ ကောင်းလေစွ။ ဇရာသည် "ငါတို့ထံ မလာမူကား ကောင်းလေစွ" ဟု ဤသို့သော တောင့်တခြင်းသည်ဖြစ်ပေါ်၏။ သို့တောင့်တသော်လည်း ဤ (ဇရာမလာခြင်း) ကို တောင့်တ

ခြင်းဖြင့် မရအပ်။ ဤသည်လည်း အလိုရှိသည်ကို မရခြင်း၊ ဆင်းရဲမည်၏။ ရဟန်းတို့ ဗျာဓိသဘောရှိကုန်သော သတ္တဝါတို့အား 'ငါတို့သည်ဗျာဓိသဘောမရှိကြကုန်မူ ကောင်းလေစွ။ ဗျာဓိသည်ငါတို့ထံ မလာမူကား ကောင်းလေစွ'ဟု ဤသို့သော တောင့်တခြင်းသည် ဖြစ်ပေါ်၏။ သို့တောင့်တသော်လည်း-ဤ(ဗျာဓိမလာခြင်း)ကို တောင့်တခြင်းဖြင့် မရအပ်။ဤသည်လည်း အလိုရှိသည်ကို မရခြင်း ဆင်းရဲမည်၏။ရဟန်းတို့ မရဏသဘောရှိကုန်သော သတ္တဝါတို့အား'ငါတို့သည်မရဏသဘောမရှိကြကုန်မူ ကောင်းလေစွ။ မရဏသည် ငါတို့ထံမလာမူကား ကောင်းလေစွ' ဟု ဤသို့သောတောင့်တခြင်းသည် ဖြစ်ပေါ်၏။ သို့တောင့်တသော်လည်း ဤ (မရဏမလာခြင်း)ကို တောင့်တခြင်းဖြင့်မရအပ်။ ဤသည်လည်း အလိုရှိသည်ကိုမရခြင်း၊ ဆင်းရဲမည်၏။ ရဟန်းတို့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ သဘောရှိကုန်သော သတ္တဝါတို့အား 'ငါတို့သည် သောက ပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသ သဘောမရှိကြကုန်မူ ကောင်းလေစွ။ သောကပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ သဘောတို့သည် ငါတို့ထံမလာကုန်မူကောင်းလေစွ'ဟု ဤသို့သော တောင့်တခြင်းသည်ဖြစ်ပေါ်၏။သို့တောင့်တသော်လည်း ဤသောက-စသည်တို့ မလာခြင်းကို တောင့်တခြင်းဖြင့် မရအပ်။ဤသည်လည်း အလိုရှိသည်ကို မရခြင်း ဆင်းရဲမည်၏။

ရဟန်းတို့ အကျဉ်းချုပ်အားဖြင့် ငါးပါးသော ဥပါဒါနက္ခန္ဓာ ဆင်းရဲတို့ ဟူသည် အဘယ်တို့နည်း။ ငါးပါးသော

ဉပါဒါနက္ခန္ဓာတို့ ဟူသည် ချုပ်ဉပါဒါနက္ခန္ဓာ၊ ဝေဒနာ ဉပါဒါနက္ခန္ဓာ၊ သညာ ဉပါဒါနက္ခန္ဓာ၊ သင်္ခါရ ဉပါဒါနက္ခန္ဓာ၊ ဝိညာဏ် ဉပါဒါနက္ခန္ဓာတို့ ပေတည်း။ ရဟန်းတို့ ဤ(ဉပါဒါနက္ခန္ဓာငါးပါး) တို့ကို အကျဉ်းချုပ်အားဖြင့် ငါး ပါး သော ဉပါဒါနက္ခန္ဓာ ဆင်းရဲ တို့ ဟူ၍ ဆိုအပ်ကုန်၏။

ရဟန်းတို့ ဤတရားသဘောကို ဒုက္ခ အရိယ သစ္စာ ဟူ၍ ဆိုအပ်၏။

## ဒုက္ခ သမုဒယ အရိယ သစ္စာ

ရဟန်းတို့ ဒုက္ခသမုဒယ အရိယသစ္စာသည် အဘယ်နည်း။ တဖန် ဘဝသစ်ကို ဖြစ်စေတတ်သော နှစ်သက် တပ်မက်ခြင်းနှင့် တကွ ဖြစ် သော ထိုထိုဘဝအာရုံ၌ အလွန် နှစ်သက်ခြင်းရှိသော တဏှာတည်း။ ထိုတဏှာသည် အဘယ်နည်း။ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာတို့တည်း။

ရဟန်းတို့ ထိုတဏှာဖြစ်သည်ရှိသော် အဘယ်၌ဖြစ်သနည်း။ တည်သည်ရှိသော် အဘယ်၌ တည်သနည်း။ လောက၌ ချစ်ခင်ဖွယ်၊ သာယာဖွယ်သဘောသည်(ရှိ၏) ကို (တဏှာ)သည် ဖြစ်သည်ရှိသော် ဤချစ်ခင်ဖွယ်၊ သာယာဖွယ်၊ အာရုံ၌ ဖြစ်၏။ တည်သည်ရှိသော် ဤ (ချစ်ခင်ဖွယ်၊ သာယာဖွယ် အာရုံ) ၌ တည်၏။

လောက၌ ချစ်ခင်ဖွယ် သာယာဖွယ်သဘောသည် အဘယ်နည်း၊ လောက၌ မျက်စိသည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤမျက်စိ၌ ဖြစ်၏၊ တည်သည်ရှိသော် ဤမျက်စိ၌ တည်၏။ လောက၌ နား

သည်။ ပ။ လောက၌ နှာခေါင်းသည်။ ပ။ လောက၌ လျှာသည်။ ပ။ လောက၌ ကိုယ်သည်။ ပ။ လောက၌ စိတ်သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြင့်၏။ ထိုတဏှာသည် ဖြစ်သည် ရှိသော် ဤစိတ်၌ဖြင့်၏။ တည်သည်ရှိသော် ဤစိတ်၌တည်၏။

လောက၌ ရူပါရုံတို့သည်။ ပ။ လောက၌ သဒ္ဒါရုံ တို့သည်။ ပ။ လောက၌ ဂန္ဓာရုံတို့သည်။ ပ။ လောက၌ ရသာရုံ တို့သည်။ ပ။ လောက၌ ဖောဋ္ဌဗ္ဗာရုံတို့သည်။ ပ။ လောက၌ တရားသဘောတို့သည် ချစ်ခင်ဖွယ်သာယာဖွယ်သဘောဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤတရားတို့၌ဖြင့်၏။ တည်သည် ရှိသော် ဤတရားတို့၌ တည်၏။

လောက၌ စက္ခုဝိညာဏ်သည်။ ပ။ လောက၌ သောတဝိညာဏ်သည်။ ပ။ လောက၌ဃာနဝိညာဏ်သည်။ ပ။ လောက၌ ဇိဝှါဝိညာဏ်သည်။ ပ။ လောက၌ ကာယ ဝိညာဏ်သည်။ ပ။ လောက၌ မနော ဝိညာဏ်သည် ချင်ခင်ဖွယ် သာယာဖွယ် သဘော ဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤမနောဝိညာဏ်၌ဖြစ်၏။ တည်သည်ရှိသော် ဤမနောဝိညာဏ်၌ တည်၏။

လောက၌ စက္ခုသမ္ဖဿသည်။ ပ။ လောက၌ သောတသမ္ဖဿသည်။ ပ။ လောက၌ဃာနသမ္ဖဿသည်။ ပ။ လောက၌ ဇိဝှါသမ္ဖဿသည်။ ပ။ လောက၌ ကာယသမ္ဖဿသည်။ ပ။ လောက၌မနောသမ္ဖဿသည်ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏။ ထိုတဏှာသည်ဖြစ်သည်ရှိသော် ဤမနောသမ္ဖဿ၌ဖြစ်၏ တည်သည်ရှိသော် ဤမနောသမ္ဖဿ၌ တည်၏။

လောက၌ စက္ခုသမ္ဖဿဇာ ဝေဒနာသည် ။ပ။ လောက၌ သောတသမ္ဖဿဇာ ဝေဒနာသည် ။ပ။ လောက၌ ဃာနသမ္ဖဿဇာဝေဒနာသည်။ပ။ လောက၌ ဇိဝှါသမ္ဖဿဇာဝေဒနာသည်။ပ။ လောက၌ ကာယသမ္ဖဿ ဇာဝေဒနာသည်။ပ။ လောက၌ မနောသမ္ဖဿ ဇာဝေဒနာသည် ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏။ထိုတဏှာသည်ဖြစ်သည်ရှိသော် ဤမနောသမ္ဖဿ ဇာဝေဒနာ၌ ဖြစ်၏။ တည်သည်ရှိသော် ဤမနောသမ္ဖဿ ဇာဝေဒနာ၌တည်၏။

လောက၌ ရူပသညာသည်။ပ။ လောက၌ သဒ္ဒသညာသည်။ပ။ လောက၌ ဂန္ဓသညာသည်။ပ။ လောက၌ရသသညာသည်။ပ။ လောက၌ဖောဋ္ဌဗ္ဗ သညာသည်။ပ။ လောက၌ ဓမ္မသညာသည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မသညာ၌ဖြစ်၏။ တည်သည်ရှိသော် ဤဓမ္မသညာ၌တည်၏။

လောက၌ ရူပသဉ္စေတနာသည်။ပ။ လောက၌ သဒ္ဒသဉ္စေတနာသည်။ပ။ လောက၌ ဂန္ဓသဉ္စေတနာသည်။ပ။ လောက၌ ရသသဉ္စေတနာသည်။ပ။ လောက၌ ဖောဋ္ဌဗ္ဗသဉ္စေတနာသည်။ပ။လောက၌ ဓမ္မသဉ္စေတနာသည် ချစ်ခင်ဖွယ်သာယာဖွယ် သဘောဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မသဉ္စေတနာ၌ဖြစ်၏။ တည်သည်ရှိသော် ဤဓမ္မသဉ္စေတနာ၌တည်၏။

လောက၌ ရူပတဏှာသည်။ပ။လောက၌ သဒ္ဒတဏှာသည်။ပ။လောက၌ ဂန္ဓတဏှာသည်။ပ။လောက၌ ရသတဏှာသည်။ပ။လောက၌ ဖောဋ္ဌဗ္ဗတဏှာသည်။ပ။ လောက၌ ဓမ္မတဏှာ

သည် ချစ်ခင်ဖွယ် သာယာဖွယ်သဘောဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မတဏှာ၌ဖြစ်၏။ တည်သည်ရှိသော် ဤဓမ္မတဏှာ၌တည်၏။

လောက၌ ရူပဝိတက်သည်။ပ။ လောက၌သဒ္ဒဝိတက်သည်။ ပ။လောက၌ ဂန္ဓဝိတက်သည်။ပ။ လောက၌ ရသဝိတက်သည်။ ပ။လောက၌ဖောဋ္ဌဗ္ဗဝိတက်သည်။ပ။လောက၌ဓမ္မဝိတက်သည်။ ချစ်ခင်ဖွယ်သာယာဖွယ်သဘောဖြစ်၏။ ထိုတပ်မက်ခြင်း'တဏှာ' သည်ဖြစ်သည်ရှိသော် ဤဓမ္မဝိတက်၌ဖြစ်၏။ တည်သည် ရှိသော် ဤဓမ္မဝိတက်၌ တည်၏။

လောက၌ ရူပဝိစာရသည် (ပ)လောက၌ သဒ္ဒဝိစာရသည်။ (ပ)လောက၌ ဂန္ဓ ဝိစာရသည်။ (ပ) လောက၌ ရသ ဝိစာရ သည်။ (ပ)လောက၌ ဖောဋ္ဌဗ္ဗ ဝိစာရသည်။ (ပ) လောက၌ ဓမ္မဝိစာရသည် ချစ်ခင်ဖွယ်၊ သာယာဖွယ် သဘော ဖြစ်၏။ ထိုတဏှာသည် ဖြစ်သည်ရှိသော် ဤဓမ္မ ဝိစာရ၌ဖြစ်၏။ တည် သည်ရှိသော် ဤဓမ္မ ဝိစာရ၌တည်၏။

ရဟန်းတို့ ဤတရားသဘောကို အရိယာတို့ သိအပ်သော ဒုက္ခသမုဒယ အရိယ သစ္စာ ဟူ၍ ဆိုအပ်၏။

## ဒုက္ခ နိရောဓ အရိယ သစ္စာ

ရဟန်းတို့ ဒုက္ခ နိရောဓ အရိယသစ္စာသည် အဘယ်နည်း။ ထိုတဏှာ၏သာလျှင် အကြွင်းမရှိ ကင်းချုပ်ရာ၊ တဏှာကို စွန့်ရာ၊ တဏှာကို ဝေးစွာ စွန့်ရာ၊ တဏှာမှ လွတ်မြောက်ရာတဏှာ ဖြင့် မကပ်ငြိရာ (နိဗ္ဗာန်)တည်း။

ရဟန်းတို့ ထိုတဏှာကို ပယ်အပ်သည်ရှိသော် အဘယ်၌ ပယ်အပ်သနည်း။ ချုပ်သည်ရှိသော် အဘယ်၌ ချုပ်သနည်း။ လောက၌ ချစ်ခင်ဖွယ်၊ သာယာဖွယ်၊ သဘောသည် (ရှိ၏) ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤချစ်ခင်ဖွယ်၊ သာယာဖွယ်၊ သဘော၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤချစ်ခင်ဖွယ်၊ သာယာဖွယ်၊ သဘော၌ ချုပ်၏။

လောက၌ ချစ်ခင်ဖွယ် သာယာဖွယ်သဘောသည် အဘယ်နည်း။ လောက၌ မျက်စိသည်ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏။ ထိုတဏှာကိုပယ်အပ်သည်ရှိသော်ဤမျက်စိ၌ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤမျက်စိ၌ ချုပ်၏။ လောက၌နားသည် (ပ) လောက၌ နှာခေါင်းသည် (ပ) လောက၌ လျှာသည် (ပ) လောက၌ ကိုယ်သည် (ပ) လောက၌ စိတ်သည် ချစ်ခင်ဖွယ်၊ သာယာဖွယ် သဘောဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤစိတ်၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤစိတ်၌ ချုပ်၏။

လောက၌ ရူပါရုံ တို့သည်။ လောက၌ သဒ္ဒါရုံ တို့သည်။ လောက၌ ဂန္ဓာရုံ တို့သည်။ လောက၌ ရသာရုံ တို့သည်။ လောက၌ ဖေါဋ္ဌဗ္ဗာရုံတို့သည်။ လောက၌ ဓမ္မာရုံတို့သည်။ ချစ်ခင်ဖွယ်၊ သာယာဖွယ် သဘောဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤတရားတို့၌ ပယ်အပ်၏။ ချုပ်သည် ရှိသော် ဤတရားတို့၌ ချုပ်၏။

လောက၌ စက္ခု ဝိညာဏ်သည်။ (ပ) လောက၌ သောတ ဝိညာဏ်သည်။ (ပ)လောက၌ ဃာန ဝိညာဏ်သည် (ပ)လောက၌ ဇိဝှါ ဝိညာဏ်သည်။ (ပ)လောက၌ ကာယ ဝိညာဏ်သည် သည်။ (ပ)လောက၌ မနော ဝိညာဏ်သည် ချစ်ခင်ဖွယ်၊ သာ

ယာဖွယ် သဘောဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော်– ဤမနောဝိညာဏ်၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤမနောဝိညာဏ်၌ ချုပ်၏။

လောက၌ စက္ခုသမ္ဖဿသည်။ (ပ) လောက၌ သောတသမ္ဖဿသည်။ (ပ)လောက၌ ဃာနသမ္ဖဿသည်။ (ပ) လောက၌ ဇိဝှါသမ္ဖဿသည်။ (ပ) လောက၌ ကာယသမ္ဖဿသည်။ (ပ)လောက၌ မနောသမ္ဖဿသည်။ ချစ်ခင်ဖွယ်၊ သာယာဖွယ် သဘောဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤ(မနောသမ္ဖဿ)၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤ(မနောသမ္ဖဿ)၌ ချုပ်၏။

လောက၌ စက္ခုသမ္ဖဿဇာဝေဒနာသည်။ (ပ) လောက၌ သောတသမ္ဖဿဇာဝေဒနာသည်။(ပ)လောက၌ ဃာနသမ္ဖဿဇာဝေဒနာသည်။ (ပ)လောက၌ ဇိဝှါသမ္ဖဿ ဇာဝေဒနာသည်။(ပ)လောက၌ ကာယသမ္ဖဿ ဇာဝေဒနာသည်။ (ပ) လောက၌ မနောသမ္ဖဿ ဇာဝေဒနာသည် ချစ်ခင်ဖွယ်၊ သာယာဖွယ်သဘောဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤမနောသမ္ဖဿဇာဝေဒနာ၌ ပယ်အပ်၏။ ချုပ်သည်ရှိသော်- ဤမနော သမ္ဖဿ ဇာဝေဒနာ၌ ချုပ်၏။

လောက၌ရူပသညာသည်။ (ပ)လောက၌သဒ္ဒသညာသည်။ (ပ)လောက၌ ဂန္ဓသညာသည်။ (ပ) လောက၌ ရသ သညာသည်။ (ပ) လောက၌ ဖောဋ္ဌဗ္ဗသညာသည်။ (ပ) လောက၌ ဓမ္မသညာသည်။ ချစ်ခင်ဖွယ်၊ သာယာဖွယ် သဘောဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မသညာ၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤ(ဓမ္မသညာ)၌ ချုပ်၏။

လောက၌ရူပသဉ္စေတနာသည်(ပ)လောက၌သဒ္ဒသဉ္စေတနာသည်။ (ပ) လောက ဂန္ဓ သဉ္စေတနာသည်။ (ပ) လောက၌ ရသ သဉ္စေတနာသည်။ (ပ) လောက၌ ဖောဋ္ဌဗ္ဗသဉ္စေတနာသည်။ (ပ) လောက၌ ဓမ္မသဉ္စေတနာသည် ချစ်ခင်ဖွယ်၊ သာယာဖွယ် သဘောဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မသဉ္စေတနာ၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤဓမ္မသဉ္စေတနာ၌ ချုပ်၏။

လောက၌ ရူပတဏှာသည်။ (ပ) လောက၌ သဒ္ဒတဏှာသည်။ (ပ) လောက၌ ဂန္ဓ တဏှာသည်။ (ပ) လောက၌ ရသ တဏှာသည်။ (ပ)လောက၌ ဖောဋ္ဌဗ္ဗတဏှာသည်။ (ပ) လောက၌ ဓမ္မတဏှာသည်။ ချစ်ခင်ဖွယ်၊သာယာဖွယ် သဘောဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မတဏှာ၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤဓမ္မတဏှာ၌ ချုပ်၏။

လောက၌ ရူပ ဝိတက်သည်။ (ပ)လောက၌ သဒ္ဒဝိတက်သည်။ (ပ) လောက၌ ဂန္ဓဝိတက်သည်။ (ပ)လောက၌ ရသ ဝိတက်သည်။ (ပ)လောက၌ ဖောဋ္ဌဗ္ဗဝိတက်သည်။ (ပ)လောက၌ ဓမ္မ ဝိတက်သည်။ ချစ်ခင်ဖွယ် သာယာဖွယ် သဘောဖြစ်၏။ ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤဓမ္မဝိတက်၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤဓမ္မဝိတက်၌ ချုပ်၏။

လောက၌ ရူပ ဝိစာရသည်။ (ပ)လောက၌ သဒ္ဒဝိစာရသည်။ (ပ) လောက၌ ဂန္ဓဝိစာရသည် (ပ)လောက၌ ရသ ဝိစာရသည်။ (ပ)လောက၌ ဖောဋ္ဌဗ္ဗ ဝိစာရသည်။ (ပ) လောက၌ ဓမ္မဝိစာရသည် ချစ်ခင် သာယာဖွယ် သဘော ဖြစ်၏။

ထိုတဏှာကို ပယ်အပ်သည်ရှိသော် ဤ၌မှ ဝိစာရ၌ ပယ်အပ်၏။ ချုပ်သည်ရှိသော် ဤ၌မှ ဝိစာရ၌ ချုပ်၏။

ရဟန်းတို့ ဤတရားသဘောကို ဒုက္ခနိရောဓ အရိယ သစ္စာ ဟူ၍ ဆိုအပ်၏။

## ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ အရိယ သစ္စာ

ရဟန်းတို့ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယ သစ္စာသည် အဘယ်နည်း။ မြတ်သော အင်္ဂါရှစ်ပါးရှိသော ဤမဂ်အကျင့် လမ်းတည်း။ ဤမဂ် အကျင့်လမ်းတို့သည် အဘယ်တို့နည်း။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာ ဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာ အာဇီဝ၊ သမ္မာ ဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ တို့ပေ တည်း။

ရဟန်းတို့ သမ္မာဒိဋ္ဌိသည် အဘယ်နည်း။

ဒုက္ခ၌ သိမြင်ခြင်း၊ ဒုက္ခ၏ ဖြစ်ကြောင်း၌သိမြင်ခြင်း၊ ဒုက္ခ၏ ချုပ်ရာ(နိဗ္ဗာန်)၌ သိမြင်ခြင်း။ ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ရောက် ကြောင်း အကျင့်၌ သိမြင်ခြင်းတည်း။ ရဟန်းတို့ ဤ (သိမြင် ခြင်း)ကို မှန်စွာ သိမြင်ခြင်း။ သမ္မာဒိဋ္ဌိ ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သမ္မာသင်္ကပ္ပသည် အဘယ်နည်း။

(ကာမ အာရုံမှ) လွတ်ကင်းသော ကြံစည်ခြင်း၊ ဖျက်ဆီး ခြင်းမှ လွတ်ကင်းသော ကြံစည်ခြင်း၊ ညှဉ်းဆဲခြင်းမှ လွတ်ကင်း သော ကြံစည်ခြင်းတည်း။ ရဟန်းတို့ ဤ(ကြံခြင်း) ကို မှန်စွာ ကြံခြင်း။ သမ္မာသင်္ကပ္ပ ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သမ္မာဝါစာသည် အဘယ်နည်း။

မဟုတ်မမှန် ပြောခြင်းမှ ကြဉ်ရှောင်ခြင်း၊ ကုန်းစကားမှ ကြဉ်ရှောင်ခြင်း၊ ရုန့်ကြမ်းသော စကားမှ ကြဉ်ရှောင်ခြင်း၊ ပြိန်ဖျင်းသော စကားမှ ကြဉ်ရှောင်ခြင်းတည်း။ ရဟန်းတို့ ဤကြဉ်ရှောင်ခြင်းကို မှန်စွာပြောဆိုခြင်း၊ သမ္မာဝါစာ ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သမ္မာကမ္မန္တသည် အဘယ်နည်း။

အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်ခြင်း၊ မပေးသည်ကို ယူခြင်းမှ ကြဉ်ရှောင်ခြင်း၊ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှကြဉ်ရှောင်ခြင်းတည်း။ ရဟန်းတို့ ဤ(ကြဉ်ရှောင်ခြင်း)ကို မှန်စွာ ပြုလုပ်ခြင်း။ သမ္မာ ကမ္မန္တ ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သမ္မာအာဇီဝသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ အရိယာဖြစ်သော တပည့်သည် မှားသော အသက်မွေးခြင်းကို ပယ်စွန့်၍ မှန်စွာ အသက်မွေးခြင်းဖြင့် အသက်မွေး၏။ ရဟန်းတို့ဤ (အသက်မွေးခြင်း)ကို မှန်စွာ အသက်မွေးခြင်း၊ "သမ္မာအာဇီဝ" ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သမ္မာဝါယာမသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည်မဖြစ်သေးသော ယုတ်မာသော အကုသိုလ်တရားတို့ကို မဖြစ်ပေါ်စေရန် ဆန္ဒကို ဖြစ်စေ၏။ အားထုတ်၏။ လုံ့လပြု၏။ စိတ်ကို ချီးမြှောက်၏။ ဆောက်တည်၏။ ဖြစ်ပြီးသောယုတ်မာသော အကုသိုလ်တရားတို့ကိုပယ်ရန်ဆန္ဒကိုဖြစ်စေ၏။ အားထုတ်၏။ လုံ့လပြု၏။ စိတ်ကို

ချီးမြှောက်၏။ ဆောက်တည်၏။ မဖြစ်သေးသော ကုသိုလ်တရားတို့ကိုဖြစ်စေရန် ဆန္ဒကိုဖြစ်စေ၏။ အားထုတ်၏။ လုံ့လပြု၏။ စိတ်ကို ချီးမြှောက်၏။ ဆောက်တည်၏၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့ တည်မြဲစေရန် မပျောက်ပျက်စေရန် တိုးတက်ဖြစ်ပွားစေရန် ပြန့်ပြောစေရန် ပွားများမှု ပြည့်စုံစေရန် ဆန္ဒကိုဖြစ်စေ၏။ အားထုတ်၏။ စိတ်ကို ချီးမြှောက်၏။ ဆောက်တည်၏။ ရဟန်းတို့ ဤ(အားထုတ်ခြင်း)ကို မှန်စွာ အားထုတ်ခြင်း "သမ္မာဝါယာမ" ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သမ္မာသတိသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာ အားထုတ်သောလုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်၍ ရုပ်အပေါင်း၌ ရုပ်အပေါင်းကိုအကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။ ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ ဝေဒနာတို့၌၊ ဝေဒနာတို့ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ပြင်းစွာ အားထုတ်သောလုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ် ရှိသည်ဖြစ်၍ သတိရှိသည် ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကိုပယ်ဖျောက်၍ စိတ်၌ စိတ်ကို အကြိမ်ကြိမ်ရှုလေ့ရှိသည်ဖြစ်၍နေ၏။ ပြင်းစွာအားထုတ်သော လုံ့လရှိသည်ဖြစ်၍ သမ္ပဇဉ်ဉာဏ်ရှိသည်ဖြစ်၍၊ သတိရှိသည်ဖြစ်၍ လောက၌ အဘိဇ္ဈာဒေါမနဿကို၊ ပယ်ဖျောက်၍ သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုလေ့ ရှိသည်

ဖြစ်၍နေ၏။ ရဟန်းတို့ ဤအောက်မေ့ခြင်းသတိကို မှန်စွာအောက်မေ့ခြင်း "သမ္မာသတိ" ဟူ၍ ဆိုအပ်၏။

ရဟန်းတို့ သမ္မာသမာဓိသည် အဘယ်နည်း။

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ကင်း၍သာလျှင် အကုသိုလ်တရားတို့မှ ကင်း၍သာလျှင် ဝိတက်နှင့်တကွဖြစ်သော ဝိစာရနှင့်တကွဖြစ်သော(နီဝရဏ)ကင်းခြင်းကြောင့်ဖြစ်သည့် ပီတိသုခရှိသော ပဌမစျာန်သို့ရောက်၍ နေ၏။

ဝိတက် ဝိစာရငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော သမာဓိကို ပွားစေတတ်သော ဝိတက်လည်း မရှိသော ဝိစာရလည်း မရှိသော သမာဓိကြောင့် ဖြစ်သည့် ပီတိသုခရှိသော ဒုတိယစျာန်သို့ ရောက်၍နေ၏။

ပီတိ၏လည်း ကင်းခြင်းကြောင့် အမျှရှုလျက်၊ သတိရှိလျက်၊ ဆင်ခြင်လျက်နေ၏။ သုခကိုလည်း ကိုယ်ဖြင့် ခံစား၏။ အကြင် (တတိယစျာန်)ကြောင့် ထိုသူကို "အမျှရှုသူ သတိရှိသူ ချမ်းသာစွာနေလေ့ရှိသူ" ဟု အရိယာ(ပုဂ္ဂိုလ်)တို့သည် ချီးမွမ်းပြောဆိုကုန်၏။ ထိုတတိယစျာန်သို့ ရောက်၍နေ၏။

ချမ်းသာ ဆင်းရဲကို ပယ်ခြင်း ကြောင့်၎င်း၊ ရှေးဦးကပင် ဝမ်းသာခြင်း၊ နှလုံး မသာခြင်းတို့၏ ချုပ်ခြင်း ကြောင့်၎င်း၊ ဆင်းရဲ ချမ်းသာ ကင်းသော ဥပေက္ခာကြောင့်ဖြစ်သောသတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်သို့ရောက်၍ နေ၏။ ရဟန်းတို့ ဤသမာဓိကိုမှန်စွာ တည်ကြည်ခြင်း "သမ္မာသမာဓိ" ဟူ၍ ဆိုအပ်၏။ ရဟန်းတို့ ဤတရားသဘောကို ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စာ ဟူ၍ ဆိုအပ်၏။

ဤသို့ မိမိ၏ သဘောတရားတို့၌ မှုလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။ သူတပါး၏ သဘောတရားတို့၌ မှုလည်း သဘောတရားတို့ကိုအကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍နေ၏။ မိမိသူတပါး၏သဘောတရားတို့၌ မှုလည်း သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍နေ၏။ သဘောတရားတို့၌ ဖြစ်ကြောင်းတရားနှင့် ဖြစ်ခြင်း သဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ မှုလည်း နေ၏။ သဘောတရားတို့၌ ပျက်ကြောင်းတရားနှင့် ပျက်ခြင်းသဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍မှုလည်း နေ၏။ သဘော တရားတို့၌ ဖြစ်ကြောင်း ပျက်ကြောင်း တရား နှင့် ဖြစ်ခြင်း ပျက် ခြင်း သဘောကို အကြိမ်ကြိမ်ရှုလေ့ရှိသည် ဖြစ်၍ မှုလည်း နေ၏။ ထို့ပြင် သဘော တရား တို့ သည် သာ လျှင် ရှိကုန် ၏ ဟု ထိုရဟန်းအား သတိသည် ရှေးရှု ထင် ၏။ (ထိုသတိသည်) အဆင့်ဆင့် အသိဉာဏ် တိုးပွားခြင်းငှာသာဖြစ်၏။ အဆင့်ဆင့် သတိ ဘဖန် တိုးပွားခြင်းငှာသာ ဖြစ်၏။(ထိုရဟန်းသည်တဏှာ ဒိဋ္ဌိတို့ဖြင့်) မမှီမတွယ်မူ၍လည်းနေ၏။ လောက၌ တစုံတရာကိုမျှ လည်း (ငါ-ငါ၏ ဥစ္စာ ဟု)စွဲလည်း မစွဲလမ်း၊ ရဟန်းတို့ ဤသို့ လည်း ရဟန်းသည် အရိယ သစ္စာလေးပါးသဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ ရှိသည် ဖြစ်၍ နေ၏။

သစ္စာ ပိုင်း ပြီး ၏။

သဘောတရားကို ဆင်ခြင်ခြင်း ပြီး၏။

ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခုနစ်နှစ်တို့ပတ်လုံး ဤဟောပြသော နည်းဖြင့် ပွားငြားအံ့။ ထိုပွားသော ပုဂ္ဂိုလ်အား မျက်မှောက် ဘဝ၌ပင် အရဟတ္တဖိုလ်ဖြစ်စေ၊ ဥပါဒါန် အကြွင်းရှိသေးလျှင် အနာဂါမိဖိုလ်ဖြစ်စေ၊ ဤဖိုလ်နှစ်ပါးတို့တွင် တပါးပါးသော ဖိုလ်ကို (အမှန်ရပေမည်ဟု) အလိုရှိအပ်၏။

ရဟန်းတို့ ခုနစ်နှစ်ကိုထားဘိဦး ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါး တို့ကို ခြောက်နှစ် တို့ပတ် လုံး ဤဟောပြသောနည်းဖြင့် (ပ) ငါးနှစ်တို့ပတ်လုံး၊ လေးနှစ်တို့ပတ်လုံး၊ သုံးနှစ်တို့ပတ်လုံး၊ နှစ်နှစ်တို့ပတ်လုံး၊ တနှစ် ပတ်လုံး။

ရဟန်းတို့ တနှစ်ကို ထားဘိဦး၊ ရဟန်း တို့ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခုနစ်လတို့ပတ်လုံး ဤဟောပြသောနည်းဖြင့် ပွားငြားအံ့။ ထိုပွားသော ပုဂ္ဂိုလ်အား မျက်မှောဘဝ၌ပင် အရဟတ္တဖိုလ်ဖြစ်စေ၊ ဥပါဒါန် အကြွင်းရှိသေးလျှင် အနာဂါမိဖိုလ် ဖြစ်စေ၊ ဤဖိုလ်နှစ်ပါးတို့တွင် တပါးပါးသော ဖိုလ်ကို (အမှန်ရပေမည်ဟု) အလိုရှိအပ်၏။

ရဟန်းတို့ ခုနစ်လကို ထားဘိဦး၊ ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခြောက်လတို့ပတ်လုံး ဤဟောပြသောနည်းဖြင့် ပွားငြားအံ့။ ငါးလတို့ ပတ်လုံး၊ လေးလတို့ပတ်လုံး၊ သုံးလတို့ပတ်လုံး၊ နှစ်လတို့ပတ်လုံး၊ တလ ပတ်လုံး၊ လခွဲပတ်လုံး။

ရဟန်းတို့ လခွဲကို ထားဘိဦး၊ ရဟန်းတို့ မည်သည့်ပုဂ္ဂိုလ်မဆို ဤသတိပဋ္ဌာန်လေးပါးတို့ကို ခုနစ်ရက်ပတ်လုံး၊ ဤဟောပြ

သောနည်းဖြင့် ပွားများအံ့။ ထိုပွားသောပုဂ္ဂိုလ်အား မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ဖြစ်စေ၊ ဥပါဒါန် အကြွင်းရှိသေးလျှင် အနာဂါမိဖိုလ်ဖြစ်စေ၊ ဤဖိုလ်နှစ်ပါးတို့တွင် တပါးပါးသော ဖိုလ်ကို (အမှန်ရပေမည် ဟု) အလိုရှိအပ်၏။

ရဟန်းတို့ ဤခရီးလမ်းသည် သတ္တဝါတို့၏ စိတ်စင်ကြယ်ရန် စိုးရိမ်ပူပန်ခြင်း၊ ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန် ကိုယ်ဆင်းရဲခြင်းစိတ်ဆင်းရဲခြင်းတို့ ချုပ်ငြိမ်းရန် အရိယမဂ်ကိုရရန်နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တကြောင်းတည်းသော ခရီးလမ်းဖြစ်၏။ ယင်းသည့်ခရီးလမ်းကားဤသတိပဋ္ဌာန်လေးပါးတို့ပင်တည်းဟု ဤသို့ အကြင်သတိပဋ္ဌာန်တရား ကြေညာချက်ကို ငါဆိုခဲ့၏။ ဤကြေညာကို ဤ(အကျိုး နှစ်ပါးတို့တွင် တပါးပါး အမှန်ရရှိနိုင်ခြင်း) ကို ရည်ရွယ်၍ ဆို၏ ဟု မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား ဟောတော်မူသောတရားတော်ကို နှစ်လိုကုန်သည်ဖြစ်၍ ဝမ်းမြောက်စွာ ခံယူကြလေကုန်သတည်း။ ။

ာက်-မဟာသတိပဋ္ဌာနသုတ် ပြီး၏။ ဆယ်ခုမြ

သော မူလ ပဏ္ဏာသပါဠိ ပြီး၏။ ရှေးဦးစွာ

မိဘများဖြစ်ကြသော-ပြည်မြို့ ပန်းဘဲတန်းလမ်းနေ-

ဦးစောဝင်း-ဒေါ်စောကြင်။ ဦးမြ-ဒေါ်ဇင်

တို့ကို အမှူးထား၍

ကိုခင်မြင့်-မသိန်းတင် တို့၏

# သားရှင်ပြု-သမီးနားထွင်း မင်္ဂလာ

ဓမ္မဒါနလက်ဆောင်

၁၃၃၀-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၆-ရက်၊ တနင်္ဂနွေနေ့။

၁၉၆၈-ခု၊ နိုဝင်ဘာလ (၁၀) ရက်။

မိဘများဖြစ်ကြသော ပြည်မြို့ ပန်းဘဲတန်းလမ်းနေ

ဦးစောဝင်း၊ဒေါ်စောကြင်။ ဦးမြ၊ ဒေါ်ဇင်

တို့ ကို အ မှူး ထား၍

ကိုခင်မြင့်၊ မသိန်းတင် တို့၏-

**သားရှင်ပြု—သမီးနားထွင်းမင်္ဂလာ**

( ဓမ္မဒါန-လက်ဆောင် )